မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၀၂)

ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် ဂေါက်ကွင်း၌ကျင်းပသည့် ၂၀၀၄–၂၀၀၅ ခုနှစ် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊ လေ) ဂေါက်သီး ရိုက်ပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဂေါက်သီးရိုက်ယှဉ်ပြိုင်မှု ကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၉

၂၀၀၄–၂၀၀၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၈ ရက် နံနက် ၆ နာရီခွဲတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဂေါက်ကွင်း၌ စတင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နံနက် ၁၀ နာရီခွဲတွင် ပြိုင်ပွဲကျင်းပသည့် တပ်မတော်ဂေါက်ကွင်းသို့ရောက်ရှိလာပြီး ဂေါက်သီးရိုက်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

၂၀၀၄–၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နံနက် ၆နာရီခွဲတွင် တပ်မတော်ဂေါက်ကွင်း၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ကာကွယ် ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊

ကျော့ဖုံးသို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ၂၀၀၄–၂၀၀၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ)ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

ဒေသခံတောင်သူလယ်သမားများ စိုက်ပျိုးရေ ဖူလုံစွာရရှိရေး ဆည်မြောင်းတာတမံစီမံကိန်းများ တိုးချဲ့အကောင်အထည်ဖော်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းနိုင်သည့် မြေဆီဩဇာကြွယ်ဝသော ရေခံမြေခံကောင်းမွန်သည့် နိုင်ငံဖြစ်သည်။ စိုက်ပျိုးနိုင်သော မြေများစွာရှိသည့်အပြင် မြေလွတ်မြေရိုင်းများစွာလည်း ရှိသည်။ စိုက်ပျိုးမြေများအားလုံး စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်ပါက ကျေးလက်ပြည်သူများ၏ လူမှုစီးပွားရေးဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က ရေသယံဇာတအရင်းအမြစ်များကို ခေတ်မီနည်းစနစ်များဖြင့် ရှာဖွေဖော်ထုတ်၍ စိုက်ပျိုးရေဖူလုံစေရန် ဖြည့်ဆည်းပေးလျက်ရှိသည်။ နိုင်ငံတစ်ဝန်း ရေ၊ မြေ ဒေသအခြေအနေပေးမှုများအပေါ် မူတည်၍ ဆည်မြောင်းတာတမံစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ဆည်မြောင်းတာတမံစီမံကိန်း ၁၆၉ ခု တည်ဆောက် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

အဆိုပါ ဆည်မြောင်းတာတမံစီမံကိန်းများအပြင် မြစ်ရေတင်စီမံကိန်း ၂၇၁ ခုကို ဖြန့်ကြက်ဆောင်ရွက်ပေးခဲ့ရာ နိုင်ငံတစ်ဝန်း အကျိုးပြုဧကေ နှစ်သန်းကျော် စိုက်ပျိုးရေရရှိနေပြီ ဖြစ်သည်။ ယခုအခါ စိုက်ပျိုးရေ ပိုမိုရရှိရန်အတွက် ဆည်မြောင်းဦးစီးဌာနက ရာဇဂြိုဟ်ရေလှောင်တမံစီမံကိန်း၊ မာလဲနတ်တောင် ရေလှောင်တမံစီမံကိန်း၊ မဒန်း ရေလှောင်တမံစီမံကိန်း၊ ဝါးကတုတ် ရေလှောင်တမံစီမံကိန်း၊ ငမိုးရိပ် ရေထိန်းတံခါးစီမံကိန်းနှင့် မြစ်သာ ရေလှောင်တမံစီမံကိန်းတို့ကို တိုးချဲ့တည်ဆောက်လျက် ရှိသည်။

အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းငါးခုအနက် ရာဇဂြိုဟ် ရေလှောင်တမံစီမံကိန်းသည် စစ်ကိုင်းတိုင်း ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာမြောက်ဘက် နှစ်မိုင်ခန့်အကွာတွင်ရှိသည့် နေရဉ္စရာချောင်းပေါ်၌ တည်ရှိပြီး လယ်မြေဧက ၆၅၀၀ ခန့် အတွက် စိုက်ပျိုးရေရရှိရန်နှင့် ရေအားလျှပ်စစ်ငါးမဂ္ဂါဝပ်ခန့်ထုတ်လွှတ်ရန် ရည်ရွယ်တည်ဆောက်ခြင်း ဖြစ်သည်။

မာလဲနတ်တောင် ရေလှောင်တမံစီမံကိန်းသည် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် စဉ့်ကူးမြို့၏ အရှေ့မြောက်ဘက် ရှစ်မိုင်ခန့်အကွာ မာလဲနတ်တောင်ချောင်းပေါ်တွင် တည်ရှိပြီး လယ်မြေဧက ၁၀၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည် ဖြစ်သည်။

မဒန်း ရေလှောင်တမံစီမံကိန်းကို မန္တလေးတိုင်း လယ်ဝေးမြို့နယ် နန္ဒင်းကျင်းကျေးရွာအနီး မဒန်းချောင်းပေါ်တွင် တည်ဆောက်လျက်ရှိပြီး လယ်မြေဧက ၈၀၀၀ အတွက် ရေပေးဝေနိုင်ရန် စီမံထားသည်။ ဝါးကတုတ် ရေလှောင်တမံစီမံကိန်းသည် ပဲခူးတိုင်း ပဲခူးမြို့နယ် တောင်ဆတ်အင်းကျေးရွာအနီး ဝါးကတုတ်ချောင်းပေါ်တွင် တည်ဆောက်လျက်ရှိရာ မိုးယွန်းကြီးအင်းသို့ ရေကူးပေးခြင်းဖြင့် ရန်ကုန်မြို့တော်(အရှေ့ခြမ်း)မိုင် ၃၀ စိမ်းလန်းစိုပြည်ရေးနှင့် နွေသီးနှံစိုက်ပျိုးခြင်းကို အထောက်အကူပြုနိုင်မည်ဟု သိရသည်။

ငမိုးရိပ်ရေထိန်းတံခါးကို ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီး စစ်ပင်တောင်ကွေ့ ငမိုးရိပ်ချောင်းပေါ်တွင် သံကူကွန်ကရစ် ရေတံခါးအမျိုးအစား တည်ဆောက်ပြီး ရေစုပ်စက်များအသုံးပြု၍ နှစ်စဉ် နွေစပါးဧက ၅၈၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေနိုင်မည် ဖြစ်သည်။ ထို့အပြင် နွေရာသီတွင် ရေထိန်းတံခါးပိတ်ခြင်းဖြင့် စိုက်ပျိုးမြေများသို့ ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်တားဆီးနိုင်မည် ဖြစ်သည်။

မြစ်သာရေလှောင်တမံစီမံကိန်းသည် မကွေးတိုင်း ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီး မြစ်သာချောင်းပေါ်တွင် တည်ဆောက်ပြီး လယ်မြေဧက ၁၂၀၀၀ ခန့်သို့ စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀ ခန့်ကိုလည်း ထုတ်လွှတ်နိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ ဒေသခံတောင်သူလယ်သမားများ စိုက်ပျိုးရေ ဖူလုံစွာရရှိရေးအတွက် တည်ဆောက်ပေးမည့် ရေလှောင်တမံ၊ ရေထိန်းတံခါးစီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများကို မြန်မြန်နှင့် အရည်အသွေး အဆင့်အတန်းမီမီ အားကြိုးမာန်တက် အကောင်အထည်ဖော်သွားကြရန် လိုအပ်သကဲ့သို့ ဒေသခံပြည်သူများကလည်း ဆည်တမံများ ရေရှည်တည်တံ့ခိုင်မြဲစေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက်တွင် အင်းစိန်မြို့နယ် အောင်ဆန်းမြို့ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်များက အလှူငွေများ ပေးအပ်ကြရာ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်မောင်ဝင်း၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ ရန်ကုန် မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကြီးမောင်နှင့် ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဟန်စိန်တို့က အသီးသီး လက်ခံကြသည်။

ထို့နောက် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်များက အလှည့်ကျ ပါဝင်ယှဉ်ပြိုင်ကြရာ အင်းစိန်မြို့နယ်မှ မစိုးမြမြအောင်က **တပ်မတော်စွမ်းရည်(၃)ရပ်** ခေါင်းစဉ်ဖြင့် ပထမ၊ မှော်ဘီမြို့နယ်မှ မစုမမဟိန်းက **နိုင်ငံနှင့် လူမျိုးအတွက် တပ်မတော်၏ စွန့်လွှတ်စွန့်စားမှုများ** ခေါင်းစဉ်ဖြင့် ဒုတိယ၊ ရွှေပြည်သာမြို့နယ်မှ မမေသကြဲန်က **ပြည်သူတို့၏အကျိုးအတွက် တပ်မတော်၏ ဘက်စုံသယ်ပိုး ဖြည့်ဆည်းမှုများ** ခေါင်းစဉ်ဖြင့် တတိယ အသီးသီးရရှိကြပြီး တာဝန်ရှိသူများက ဆုများကို ချီးမြှင့်ပေးကြသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ၄ ရက်က(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို လှည်းကူးမြို့ အထကခန်းမတွင် ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ဖတ်ကြားစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၀-၁-၂၀၀၅
(တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Poetry (အင်္ဂလိပ်စာအထူးပြု)
- ၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကြယ်တစ်ပွင့်ရဲ့ဒိုင်ယာရီ"** (အပိုင်း-၁၅)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း-၃၃)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၂) ရပ်ကွက် ကိုယ့်အားကိုယ်ကိုး သုတရောင်ပြန် စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးညွန့်လှိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယ နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများဆက်လက်ပေးပို့

ရန်ကုန် ဇန်နဝါရီ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ ပေးပို့လျက်ရှိကြသည်။

သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ

၂၀၀၅ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင်ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတချန်ဒရီကာ ဘန်ဒရာနိုက်ကေးကူမာရာတွန်ဂါထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် သီရိလင်္ကာအစိုးရနှင့် ပြည်သူများနှင့် မိမိက အဆွေတော်ထံသို့ လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများထံသို့ လည်းကောင်း ဝမ်းမြောက်လိုက်လှဲစွာသဝဏ်လွှာ ပေးပို့ရသည့်အတွက် မိမိများစွာ ကြည်နူးမှုဖြစ်ရပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံကြားရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် ဆက်လက်ရှင်သန်တိုးတက်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော် ကျန်းမာရွှင်လန်းစေရန်နှင့် မြန်မာပြည်သူများ သာယာဝပြောစေရန်အတွက် မိမိ ဆုမွန်ကောင်းပို့သပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းထံသို့ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မဟိန္ဒာမဟင်ဒါရာဂျာပက်(ခ်)စီထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပေးပို့သည်။

ဘူတန်နိုင်ငံ

၂၀၀၅ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင်ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဘူတန်နိုင်ငံ ဘုရင်မင်းမြတ် ဂျစ်မီဆင်း(ဂ်)ရီဝန်ချွတ်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ လည်းကောင်း၊ မြန်မာနိုင်ငံ အစိုးရနှင့် ပြည်သူများထံသို့ လည်းကောင်း မိမိနှင့်အတူ ဘူတန်အစိုးရနှင့် ပြည်သူများထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာ ပေးပို့အပ်ပါကြောင်း၊ အဆွေတော် ကျန်းမာပျော်ရွှင်စေရန်အပြင် မြန်မာပြည်သူများ ဆက်လက်၍ ကြီးပွားတိုးတက်စေရန်အတွက် မိမိတို့ ဆုမွန်ကောင်းများပို့သပါကြောင်း ဖော်ပြပါရှိသည်။

ဗြိတိန်နိုင်ငံ

၂၀၀၅ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ဗြိတိန်နိုင်ငံ ဘုရင်မကြီး ဒုတိယမြောက်အယ်လဇ္ဇဘက်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ မိမိ ဝမ်းမြောက်ဝမ်းသာစွာ သဝဏ်လွှာပေးပို့ရသည့်အတွက် မိမိများစွာ ကြည်နူးမှု ဖြစ်ရပါကြောင်း၊ အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ ကျန်းမာရွှင်လန်းပြီး တိုးတက်သာယာစေရန် မိမိဆုမွန်ကောင်းပို့သပါကြောင်း ဖော်ပြပါရှိသည်။

(ဆက်လက်ဖော်ပြပါမည်။)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဇောတိရိပ်သာလမ်း အမှတ်၄၂/အေနေ ဒေါက်တာဦးမြသောင်း သားသမီးမြေးတစ်စုတို့က ကွယ်လွန်သူ ဒေါက်တာဒေါ်ခင်သင်းရီနှင့် မောင်ဝင်းမြတို့အား ရည်စူး၍ ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး တိပိဋကကျောင်းတော်၏ တိုးချဲ့ခုနစ်ထပ် ကျောင်းတော်ကြီးဆောက်လုပ်ရန်အတွက် အလှူငွေကျပ်ငါးသိန်းကို တိပိဋကဆရာတော် ဘဒ္ဒန္တဝိနယထံ အနုမောဒနာ နာယူပြီး ရေစက်ချ၍ တိ=နိ ရန်ကုန်ဌာန အမှုဆောင် ဒေါ်ခင်ညို မှတစ်ဆင့် ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ သတ္တမနေ့အဖြစ်ဆက်လက်ဖွင့်လှစ်ပြသ

ရန်ကုန် ဇန်နဝါရီ ၉

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေးဆပ်ကော်မတီတို့က ကြီးမှူးပြသသည့် ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ သတ္တမနေ့အဖြစ် ယနေ့ဆက်လက်ဖွင့်လှစ်ပြသရာ နံနက်ပိုင်းမှ ညနေပိုင်းအထိ ရပ်နီးရပ်ဝေးပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၅၄၈ဦးတို့ လာရောက်၍ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲတွင် တပ်မတော်ခန်းမအလယ်ဗဟိုဝင်ပေါက်တည့်တည့်၌ **'အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး'** စာတန်းနှင့်အတူ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ပုံတူပန်းချီကားချပ်ကြီးကို ၎င်း၏မိန့်ကြားချက်မှ ကောက်နုတ်ချက်စာတမ်းများဖြင့် လည်းကောင်း၊ ဝဲယာဘက်တို့တွင် စတင်ဖြစ်တည်ခဲ့သည့် ပထမမြန်မာနိုင်ငံတော်ပန်းချီကားနှင့် တည်ဆောက်လျက်ရှိသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ပန်းချီကားတို့ဖြင့်လည်းကောင်း ခမ်းနားထည်ဝါစွာ ခင်းကျင်းပြသထားသည်။

ကွန်ပျူတာဉာဏ်စမ်းပဟေဠိ

ပြခန်း၏ လက်ယာဘက်ခြမ်း၌ မြန်မာ့သမိုင်းခေတ်ပိုင်းခြားမှု၊ လူသားအစမြန်မာက၊ ရှေးဟောင်းမြို့ပြနိုင်ငံများ၊ လွတ်လပ်ရေးကြိုးပမ်းမှုများ၊ လွတ်လပ်ရေးရရှိပြီးနှင့် လွတ်လပ်ရေးထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများ ပြကွက်များကို ဓာတ်ပုံ၊ မြေပုံ၊ ဇယားကားချပ်များဖြင့်လည်းကောင်း၊ ရှုခင်းသာယာပြည်မြန်မာ၊ ရှုချင်စဖွယ်အမျိုးသားယဉ်ကျေးမှု၊ ခေတ်မီဘက်စုံတည်ဆောက်ရေးမြင်ကွင်းခေါင်းစဉ်များဖြင့် ရောင်စုံဓာတ်ပုံများကို လည်းကောင်း ခင်းကျင်းပြသထားပြီး ယင်းပြကွက်တို့၏ အလယ်၌ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၏ ကွန်ပျူတာဉာဏ်စမ်းပဟေဠိအစီအစဉ်၊ Soft Guide Computer Co; ၏ Teaching Contest with Audio Language Lab ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိသည်။ ယနေ့ Soft Guide Computer ၏ ပြိုင်ပွဲတွင် ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာအထက်တန်း ကျောင်းခြောက်ကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများပါဝင်ယှဉ်ပြိုင်ကြရာ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းက ပထမဆုရရှိသွားသည်။

ပြခန်း၏ လက်ဝဲဘက်ခြမ်း၌ ဝန်ကြီးဌာန၃၃ခုတို့က ပြကွက်များ ခင်းကျင်းလျက် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၏ လုပ်ဆောင်ချက်များ၊ ထုတ်ကုန်ပစ္စည်းများနှင့် ပြည်သူတို့အားဝန်ဆောင်မှုပေးနေမှုအစီအစဉ်များ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်နေမှု စီမံကိန်းများကို ရောင်စုံဓာတ်ပုံ စာရင်းဇယား မြေပုံကားချပ်များဖြင့် ခင်းကျင်းပြသထားသည်။

ရောင်းချပေး

ပြခန်းပြင်ပ၌ ပြန်ကြားရေးဝန်ကြီးဌာနမှ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့်စာပေဗိမာန်စာအုပ်ဆိုင်များ၊ ပုဂ္ဂလိက စာအုပ်အရောင်းဆိုင်များဖွင့်လှစ်၍ စာအုပ်စာတမ်း၊ ဂျာနယ်၊ မဂ္ဂဇင်းများ ရောင်းချပေးလျက်ရှိသည်။

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ပြခန်းကို ဇန်နဝါရီ၁၁ရက် အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း ဖွင့်လှစ်ပြသထားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဗိုလ်တထောင်မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်တွင် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ရန်ကုန်တိုင်း အခြေခံပညာကျောင်းပေါင်းစုံ တက္ကသိုလ်ဝင်တန်း စာပေဘာသာရပ်အားလုံး ထူးချွန်ဆု(သိပ္ပံတွဲ)နှင့် ဘက်စုံထူးချွန်ဆုရ တက္ကသိုလ်ဝင်တန်း ကျောင်းသား မောင်နိုင်လင်းအား ကျောင်းအုပ်ကြီးက ဆုချီးမြှင့်စဉ်။

(က-ပ)

မြန်မာ ICT ရက်သတ္တပတ်
၂၀၀၅ ခုနှစ်
(၂၁-၁-၂၀၀၅) ရက်မှ (၂၇-၁-၂၀၀၅) ရက်အထိ
MICT Park၊ ရန်ကုန်မြို့။

ဗိုလ်တထောင်အထက(၅) ပညာရေးစုံညီပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ၃ရက်တွင် အဆိုပါကျောင်း၌ကျင်းပရာ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ မိဘဆရာအသင်းအမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ မိဘများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဖျော်ဖြေတင်ဆက်

ရှေးဦးစွာ ကျောင်းသား ကျောင်းသူများ၏ ဂီတပဒေသာကပွဲဖြင့် ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် ပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကိုကျင်းပရာ ရန်ကုန်တိုင်းအခြေခံပညာကျောင်းပေါင်းစုံ တက္ကသိုလ်ဝင်တန်းဘက်စုံထူးချွန် ပထမဆု၊ စာပေပညာပထမဆုများ၊ နိုင်ငံတကာပန်းချီပြိုင်ပွဲဆု၊ ၂၀၀၄ခုနှစ် ဗိုလ်တထောင်မြို့နယ် ဘက်စုံပညာရေးဆု၊အားကစားထူးချွန်ဆု၊ ကျောင်းတွင်းပညာရေးထူးချွန်ဆု၊ ကျောင်းတက်ရက် ပျက်ကွက်မရှိဆုရရှိကြသူကျောင်းသား၊ကျောင်းသူများနှင့် ဆရာမများအား မြို့နယ်ပညာရေးမှူး၊ မိဘဆရာအသင်းအမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များနှင့် ကျောင်းအုပ်ကြီးတို့က ဆုများကို ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်) (၁၉)ကြိမ်မြောက်နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၉

တောင်တွင်းကြီးမြို့နယ် အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေးကို ရွှေတိဂုံတောင်ဘက်မုခ်အနီး သစ်လုပ်ငန်းခန်းမှာရုံ၌ အစည်းအဝေးနှင့်အတူ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲများကို ဇန်နဝါရီ ၁၆ရက် မွန်းတည့် ၁၂နာရီ၌ ပူးတွဲကျင်းပမည် ဖြစ်သည်။ နီးစပ်ရာ အမှုဆောင်များထံ ၇၅ နှစ်နှင့်အထက် ကန်တော့ခံမည့် ကိုယ်တိုင်အသင်းဝင်၊ ဇနီး၊ ခင်ပွန်း၊ အတူနေ နှစ်ဖက်မိဘများစာရင်း၊ ၂၀၀၃ - ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးရ အသင်းဝင်သားသမီးများ အမှတ်စာရင်းတင်ပြ စာရင်းပေးကြရန်၊ အသင်းဝင်များနှင့် နယ်သူနယ်သားများပါ တက်ရောက်ကြရန် ဖိတ်ကြား နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

ထူးချွန်ဆုချီးမြှင့်

ဇန်နဝါရီ ၃ရက်က ကျင်းပသည့် အလက မလစ်(အနောက်) လှည်းကူးမြို့နယ်၏ ၂၀၀၅ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ခုနစ်နှစ်ဆက်တိုက် ထူးချွန်ဆုရရှိခဲ့သော နဝမတန်းကျောင်းသူ မစုစုမိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းရီက ဆုချီးမြှင့်စဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ၏ အခြေခံအဆောက်အအုံစီမံကိန်းများ မလေးရှားနိုင်ငံက လုပ်ကိုင်ဆောင်ရွက်သွားလို

မွမ်ဘိုင်း ဇန်နဝါရီ ၈

အိန္ဒိယနိုင်ငံတွင် ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိသော အဝေးပြေးလမ်းမကြီး တည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မလေးရှားနိုင်ငံသည် ယခုအခါ ရေနှင့် လျှပ်စစ်ဓာတ်အားကဲ့သို့ အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံသွားရန် စိတ်ဝင်စားလျက်ရှိကြောင်း အရှေ့တောင်အာရှနိုင်ငံ မလေးရှားမှ ထိပ်တန်း ဝန်ကြီးတစ်ဦးက စနေနေ့၌ ပြောကြားသည်။

မွမ်ဘိုင်းရှိပရာဗာဆီဘာရာတီယာ ဒီဗာစ်၌ သုံးရက်ကြာ ပြုလုပ်ခဲ့သည့် အခြေခံအဆောက်အအုံဆိုင်ရာအစည်းအဝေးတွင် မိန့်ခွန်းပြောကြားရာ၌ မလေးရှား အလုပ်အကိုင်ဌာန ဝန်ကြီး ဆမီဗဲလ်လူက အိန္ဒိယနိုင်ငံ၏ လမ်းစီမံကိန်းအတွင်းပင်လျှင် မိမိ၏နိုင်ငံသည် ယခုအခါ လုပ်ငန်းဆောင်ရွက်မှုနှင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းနယ်ပယ်များကိုလည်း လုပ်ကိုင်သွားရန် လေ့လာလျက်ရှိကြောင်း ပြောကြားသည်။

မျှော်လင့်

မလေးရှားနိုင်ငံသည် အိန္ဒိယနိုင်ငံလမ်းများနှင့် အဝေးပြေးလမ်းများသာမက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ ရေ၊ ဆိပ်ကမ်းများနှင့် လေဆိပ်များ အပါအဝင် အခြားအခြေခံ အဆောက်အအုံများတွင်လည်း မဟာဗျူဟာ ပေါင်းဖော်ဖက် ဖြစ်မြဲဖြစ်ရန် မျှော်လင့်ထားကြောင်း ၎င်းက ပြောကြားသည်။

လုပ်ဆောင်

အဝေးပြေးလမ်းမကြီးများတွင် မလေးရှားကုမ္ပဏီများသည် ဒေါ်လာသန်း ၃၀၀ တန်ဖိုးရှိသော စီမံကိန်းများ ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်၍ ခရီးသွားလာမှု ပြေပြစ်ပြီး လုံခြုံဘေးကင်းမှုရှိစေရန် ပြုပြင်ထိန်းသိမ်းရေးနှင့် စီမံကွပ်ကဲရေးလုပ်ငန်းများကို လုပ်ဆောင်ထားကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

အာရှ ရေနံဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေး အိန္ဒိယ ရေနံဝန်ကြီး တိုက်တွန်းပြောကြား

နယူးဒေလီ ဇန်နဝါရီ ၇

ရေနံဈေးကွက်တည်ငြိမ်မှုရှိစေရန်အတွက် အာရှရေနံဈေးကွက် ကြီးထွားတိုးတက်လာစေရန် ပင်လယ်ကွေ့ ရေနံထုတ်လုပ်သူများနှင့် ရေနံသုံးစွဲသောနိုင်ငံများ ဆောင်ရွက်သွားကြရန် အိန္ဒိယနိုင်ငံက ကြာသပတေးနေ့၌ တိုက်တွန်းလိုက်သည်။

အာရှတွင် စုစုပေါင်းရေနံသုံးစွဲမှုနှင့် ထုတ်လုပ်မှုသည် ဆတူနီးပါးမျှရှိရာ အဆိုပါ အာရှတိုက်ဒေသသည် ရေနံဈေးကွက် ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ ရှိခဲ့သည်။

မိမိတို့အတွက် အာရှတိုက်တွင် ထုတ်လုပ်မှု၊ တည်ငြိမ်မှုရှိခြင်းမှသည် တည်ငြိမ်မှုရှိသော ဈေးကွက်အသွင်သို့ ပြောင်းလဲရမည်ဖြစ်ကြောင်း၊ ရေနံနှင့် ရေနံထွက်ကုန်ပစ္စည်းများအတွက် ခေတ်မီ အာရှဈေးကွက် တည်ဆောက်ရန်လိုအပ်ကြောင်း ရေနံဝန်ကြီး မာနီရှန်ကာအေယာက ပြောကြားသည်ဟု ပီတီအိုင်သတင်းဌာနက ရေးသားသည်။

ရေနံစီးပွားရေးတွင် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ နယူးဒေလီ၌ကျင်းပသော ပထမအကြိမ် အာရှဝန်ကြီးများအစည်းအဝေး၌ ဝန်ကြီး မာနီရှန်ကာအေယာက ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ ရေနံ အကြီးအကျယ်ထုတ်လုပ်သည့် နိုင်ငံများဖြစ်သော ဆော်ဒီအာရေဗျ၊ အီရန်နှင့် ကူဝိတ်အာရပ်စော်ဘွားများနိုင်ငံ၊ အိုမန်နှင့် ကာတာနိုင်ငံတို့ တက်ရောက်ကြသည်။

လောင်စာဆီ ပြတ်လပ်မှုမရှိရေး သေချာစေရန်အတွက် ရေနံအကြီးအကျယ်သုံးစွဲသော နိုင်ငံများတွင် ရေနံကို သိုလှောင်ခြင်းဖြင့် အရေးပေါ်တုံ့ပြန်ရေးတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားကြရန်လည်း အိန္ဒိယနိုင်ငံက ကြိုးပမ်းခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

စည်ကား

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ဈေးရောင်းဈေးဝယ်များဖြင့် လူစည်ကားရာ လမ်းတစ်လမ်းကို ဇန်နဝါရီ ၈ ရက်က တွေ့ရစဉ်။
(မလေးရှားနိုင်ငံ၏ အခြေခံစီးပွားရေးလုပ်ငန်းများ တိုးတက်နေဆဲ ဖြစ်ကြောင်း သိရသည်။) **(ဓာတ်ပုံ–အင်တာနက်)**

အီရန်သဘာဝဓာတ်ငွေ့ အိန္ဒိယဝယ်ယူရန်စာချုပ်

နယူးဒေလီ ဇန်နဝါရီ ၈

အိန္ဒိယနှင့် အီရန်တို့သည် ၂၀၀၉ ခုနှစ်မှစပြီး သဘာဝဓာတ်ငွေ့ရည် တန် ၇ ဒသမ ၅ သန်းကို တီဟီရန်မှပေးပို့မည့် ၂၅ နှစ် သဘောတူညီချက်တစ်ရပ်ကို သောကြာနေ့က လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါနားလည်မှုဆိုင်ရာ စာချုပ်ကို အိန္ဒိယ ရေနံကော်ပိုရေးရှင်း (အိုင်အိုစီ)နှင့် အီရန် အမျိုးသားဓာတ်ငွေ့ တင်ပို့ရေးကော်ပိုရေးရှင်း ဂါးလ်တို့က လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။

ဆွေးနွေး

ယင်းလက်မှတ်ရေးထိုးပွဲအပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ဝန်ကြီး မာနီရှန်ကာအိုင်ယာနှင့် အီရန် ရေနံဝန်ကြီး ဘီဂျန်ဇန်ဂျန်နက်တို့ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း အင်ဒိုအာရှသတင်းဌာနက ဖော်ပြသည်။

အိန္ဒိယသည် အီရန်ရှိ ရေနံလုပ်ကွက် နှစ်ခုဖြစ်သည့် ရာဒါဗာရန်နှင့် ဂျူဆီယာတို့ တိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့သည်။ ထိုအတောအတွင်း နယူးဒေလီသည် တစ်နေ့ ရေနံစည် ၆၀၀၀၀ နှင့်ညီမျှသော ရာဒါဗာရန်တွင် ၂၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း၊ ဂျူဆီယာမှ ထွက်သော ရေနံများ ရာနှုန်းပြည့် ပြန်လည်ဝယ်ယူရန် စာချုပ်ထားသည်။

ပြောကြား

သဘာဝဓာတ်ငွေ့ရောင်းချရေး စာချုပ်အရ အိုင်အိုစီနှင့် ဂါးလ်တို့သည် အီရန်ဓာတ်ငွေ့နှင့် ဂါးလ်တို့၏ ပေးပို့မှုအစိတ်အပိုင်းဖြစ်ကြောင်း၊ ယင်းသည် အိန္ဒိယနိုင်ငံတွင် ဓာတ်ငွေ့ရောင်းချရေးအတွက် ဌာနတစ်ခုဖြစ်လိမ့်မည် ဖြစ်ကြောင်း ဂါးလ်ဥက္ကဋ္ဌက ပြောကြားသည်။

အိန္ဒိယနိုင်ငံက အဓိကစိုးရိမ်သည်မှာ အကောင်းဆုံးဈေးနှင့် အကောင်းဆုံး အရည်အသွေးမီ ဓာတ်ငွေ့ဝယ်ယူရန်ပင်ဖြစ်ကြောင်း အိုင်ယာက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နိုင်ငံခြားသတင်းများ

စီစီအယ်လ် ၃ အယ်လ် ၁ မျိုးဗီဇ အေအိုင်ဒီအက်စ် ကူးစက်မှုကို ကာကွယ်ပေးနိုင်

ဝါရှင်တန် ဇန်နဝါရီ ၇

မျိုးဗီဇတစ်ခုသည် အေအိုင်ဒီအက်စ်ဗိုင်းရပ်စ်ပိုးကို ဆဲလ်များအတွင်းသို့ မဝင်ရောက်နိုင်အောင် ပိတ်ဆို့နိုင်ဖွယ်ရှိရာ လူအချို့ကို အဆိုပါအေအိုင်ဒီအက်စ် ကူးစက်မှုမှ အကာအကွယ်ပေးနိုင်ပုံရကြောင်း သုတေသီများက ကြာသပတေးနေ့တွင် ပြောကြားသည်။

အဆိုပါ မျိုးဗီဇပုံတူများ ပုံမှန်ထက် ပိုသယ်ဆောင်ထားသူများသည် ကမ္ဘာတစ်ဝန်းလုံး၌ လူသန်း ၄၀ ကို ကူးစက်ထားသော ယင်းဗိုင်းရပ်စ်ပိုး ကူးစက်မှုလျော့နည်းကြသည်ကို တွေ့ရှိရကြောင်း သုတေသီများက ပြောဆိုကြသည်။

ယခုရှာဖွေတွေ့ရှိချက်များက လူ ၂၅ သန်းကျော်မျှ သေဆုံးခဲ့သော အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုးကို တားဆီးကာကွယ်ပြီး ကုသနိုင်မည့် ပိုမိုကောင်းမွန်သော နည်းလမ်းများကို နောက်ဆုံး၌ တွေ့လာရဖွယ်ရှိကြောင်း အရေပြားရောဂါနှင့် ကူးစက်မှုရောဂါဌာနက ပြောကြားသည်။

အဆိုပါ မျိုးဗီဇကို စီစီအယ်လ် ၃ အယ်လ် ၁ ဟု ခေါ်ဆိုကြောင်း သိပ္ပံဂျာနယ်၌ သုတေသီများက ရေးသားဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ**

ရေထွက်ပစ္စည်းရောင်းချ

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ဂါလီဖေ့စ်ကမ်းခြေတွင် ရောင်းချသည့် ရေထွက်ပစ္စည်း အရောင်းဆိုင် တစ်ဆိုင်ကို ဇန်နဝါရီ ၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ထိုင်းကောင်စစ်ဝန်ရုံး ချန်ဒူးမြို့၌ ဖွင့်လှစ်မည်

ချန်ဒူး ဇန်နဝါရီ ၈

ထိုင်းနိုင်ငံသည် ယခုနှစ်တွင် တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ်၏ မြို့တော်ချန်ဒူး၌ ကောင်စစ်ဝန်ရုံးတစ်ရုံး ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ချန်ဒူးနေပြည်သူတို့ ဗီဇာမပါဘဲ မြို့မှထွက်ခွာနိုင်ရန် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံနှင့်အတူ ကောင်စစ်ဝန်ရုံးဖွင့်လှစ်ရေး နားလည်မှုစာချွန်လွှာတစ်ရပ် လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးရုံးက သတင်းထုတ်ပြန်ခဲ့သည်ကို စီချွမ်ပြည်နယ်အစိုးရ နိုင်ငံခြားရေးရုံးက ပြောကြားသည်။

ချန်ဒူးရှိ အဆိုပါကောင်စစ်ဝန်ရုံးသည် စီချွမ်နှင့် ထိုင်းအကြားရှိ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းများ အပြန်အလှန်တိုးတက်မှုရှိရေးကို ထူထောင်ပေးလိုက်ခြင်းပင်ဖြစ်ကြောင်း စီချွမ်နိုင်ငံခြားရေးရုံးက ပြောကြားသည်။ အဆိုပါကောင်စစ်ဝန်ရုံးကို ယခုနှစ် ပထမနှစ်ဝက်အတွင်း ဖွင့်လှစ်နိုင်မည်ဟု မျှော်လင့်ရသည်ဟု ဆိုသည်။

စီချွမ်ပြည်နယ်သည် မကြာသေးသည့် နှစ်များအတွင်းက ကောင်စစ်ဝန်ရုံးများ ပို၍ ဖွင့်လှစ်လာလျက်ရှိကြောင်း၊ ဂျာမနီနိုင်ငံသည် ၂၀၀၄ ခုနှစ်နိုဝင်ဘာလက ချန်ဒူး၌ ကောင်စစ်ဝန်ရုံး ဖွင့်လှစ်ခဲ့ကြောင်း၊ တောင်ကိုရီးယားကောင်စစ်ဝန်ရုံးကိုလည်း မကြာမီဖွင့်လှစ်မည်ဖြစ်ကြောင်း ၎င်းနိုင်ငံခြားရေးရုံးက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း၌ ရေနံသိုက်တစ်ခု ရှာဖွေတွေ့ရှိ

ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၈

ဘရာဇီးနိုင်ငံပိုင် ရေနံလုပ်ငန်းဖြစ်သည့် ပက်ထရိုဘရက်စ်သည် ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း ဆန်တို့စ်ပြည်နယ်အက်စ်ပီရီကျူ ကမ်းခြေတွင် ရေနံသိုက်တစ်ခုကို ကြာသပတေးနေ့က တွေ့ရှိခဲ့ကြောင်း သိရသည်။

ယင်းရေနံကြော ရှာဖွေတွေ့ရှိမှုကို ပက်ထရိုဘရက်စ်ရေနံရှာဖွေရေးနှင့် ထုတ်လုပ်ရေးညွှန်ကြားရေးမှူး ဂွိုဟာမီအက်ထရယ်လီက အတည်ပြု ပြောကြားခြင်း ဖြစ်သည်။

စီးပွားရေးအရ ရေနံထုတ်လုပ်ခြင်းကို ၂၀၀၆ခုနှစ်တွင် စတင်နိုင်မည်ဖြစ်ကြောင်း၊ တစ်နေ့စည်ပေါင်း ၁၀၀၀၀၀ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း ၎င်းက ပြောကြားသည်။

ရှာဖွေတွေ့ရှိ

မိမိတို့သည် အတ္တလန်တိတ် သမုဒ္ဒရာအတွင်း ရှာဖွေမှုပြုလုပ်စဉ် ယင်းရေနံသိုက်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ၉၀မီတာထုရှိကြောင်း ၎င်းက ပြောကြားသည်။

တည်ရှိ

အဆိုပါ ရေနံသိုက်သည် ပင်လယ်ရေမျက်နှာပြင်အောက် ၁၃၂၂မီတာအကွာတွင် တည်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ



ချူကလီးယားမပြန့်ပွားရေး စာချုပ်မပျက်ပြားစေရန် အီရန်နိုင်ငံအား ပြင်သစ်သမ္မတ သတိပေးပြောကြား

ပါရီ ဇန်နဝါရီ ၈

ဥရောပနှင့် ချုပ်ဆိုထားသော နျူကလီးယားမပြန့်ပွားရေး စာချုပ်ပျက်ပြားစေမည့် နျူကလီးယား လှုပ်ရှားဆောင်ရွက်မှုများကို မလုပ်ဆောင်ရန် ပြင်သစ်သမ္မတ ဂျက်ရှီရက်က အီရန်နိုင်ငံအား ကြာသပတေးနေ့၌ သတိပေးလိုက်သည်။

အီရန်နိုင်ငံသည် အဏုမြူဗုံးပြုလုပ်ရန် ရည်ရွယ်ကြောင်း အမေရိကန် ပြည်ထောင်စုက သက်သေမကင်းဖြစ်ခဲ့ပြီး နိုဝင်ဘာလအတွင်း၌ အီရန်နိုင်ငံက ယင်း၏ ယူရေနီယံကြွယ်ဝအောင် လုပ်ဆောင်သည့် အစီအစဉ်ကို ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီတို့နှင့် ဆွေးနွေးအပြီး၌ ရပ်ဆိုင်းရန် သဘောတူခဲ့သည်။

နျူကလီးယား ဆောင်ရွက်ချက်များသည် ငြိမ်းချမ်းရေးအတွက်ဖြစ်ကြောင်း သက်သေအထောက်အထား ပြခဲ့ပြီး မပြန့်ပွားရေးနှင့် ဆိုင်သော နိုင်ငံတကာဆိုင်ရာ တာဝန်ဝတ္တရားကို လေးစားလိုက်နာသော နိုင်ငံများသည် နိုင်ငံတကာဆိုင်ရာ စည်းမျဉ်းဥပဒေများက ခွင့်ပြုသည့် နည်းပညာများမှ အကျိုးအမြတ်ကို ရယူရမည်ဖြစ်ကြောင်း ရှီရက်က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ

ပနားမားနှင့် စင်ကာပူနိုင်ငံတို့ အက်ဖ်တီအေဆွေးနွေးမှုများ ပြန်လည်စတင်မည်

ပနားမားစီးတီး ဇန်နဝါရီ ၈

ပနားမားနှင့် စင်ကာပူနိုင်ငံတို့သည် လာမည့် မတ် ၃၀ရက်မှ ဧပြီ ၈ရက်အထိကျင်းပမည့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်(အက်ဖ်တီအေ)အပေါ် စေ့စပ်ဆွေးနွေးမှုများ ပြန်လည်စတင်နိုင်ရန် သဘောတူညီထားကြောင်း ပနားမားကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးက ကြာသပတေးနေ့၌ ပြောကြားသည်။

အတည်ပြုပြီး

နှစ်နိုင်ငံကြား စေ့စပ်ဆွေးနွေးမှုများသည် ၂၀၀၄ခုနှစ် ဇူလိုင်လကတည်းက နှေးကွေးခဲ့ကြောင်း ယင်းတို့သည် သဘောတူညီချက် ၁၂ခုတွင် ရှစ်ခုကို အတည်ပြုပြီးဖြစ်ကြောင်း သိရသည်။

စင်ကာပူနှင့် အက်ဖ်တီအေပြုလုပ်ခြင်းသည် ပနားမားအတွက် ပိုမိုရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ ပထမဆုံး လက်တင်အမေရိကနိုင်ငံသည် အာရှနိုင်ငံနှင့် ကုန်သွယ်ရေးလွတ်လပ်မှု သဘောတူညီချက် လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း ပနားမားကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးအယ်လင်ဂျာဒရိုဖာရာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ရေနံထုတ်လုပ်

ဗင်နီဇွဲလားနိုင်ငံမှ ရေနံထုတ်လုပ်ရေးလုပ်ငန်းတစ်ခုက မြောက်ပင်လယ်တွင် ရေနံထုတ်လုပ်နေသည်ကို ဇန်နဝါရီ ၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်နှစ်ဦးအား ကန်တပ်ဖွဲ့ဝင်တို့ မြစ်ထဲတွန်းချခဲ့

ဖို့တ်ဟွဒ်(တက္ကဆက်) ဇန်နဝါရီ ၇

အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်အရပ်သားနှစ်ဦးကို တိုက်ဂရစ်မြစ်ထဲသို့တွန်းချပြီး တစ်ဦးရေနစ်သွားချိန်တွင် ပြောင်လှောင်ရယ်မောခဲ့ကြသည်ဟု ကျန်ရစ်သူတစ်ဦးက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

တွန်းချခဲ့

အမေရိကန်တပ်ဖွဲ့ဝင် တပ်ကြပ်ထရေစီပါကင်က တိုက်ဂရစ်မြစ် အထက် ၁၀ပေမှ ၁၂ပေထိအမြင့် ရှိသော တံတားပေါ်မှ အီရတ်တို့ကို တွန်းချခဲ့သည့်အတွက် အီရတ်တစ်ဦးသေဆုံးခဲ့မှုဖြင့် တရားစွဲဆိုထားသည်။

ညီအစ်ကိုဝမ်းကွဲတော်သူ ဟက်ဆွန်နှင့်အတူ တံတားပေါ်မှ တွန်းချခြင်းခံရသူ မာဝမ်ဖာဒီလ်က အမေရိကန်တပ်ဖွဲ့ဝင်များသည် သေနတ်ဖြင့်တေ့၍ တံတားပေါ်မှ အတင်းခုန်ချခိုင်းပြီး မိမိ၏ညီအစ်ကိုဝမ်းကွဲတော်သူ ရေနစ်သွားသောအခါ ပြောင်လှောင်ရယ်မောကြကြောင်း ၎င်းက အစစ်ခံ ထွက်ဆိုသည်။

အမ်အင်အေ၊ရိုက်တာ

ယူဂန္ဓာနိုင်ငံ၌ နွားနို့ထုတ်လုပ်ရာတွင် လေလွင့်မှုများပြား နှစ်စဉ် အမေရိကန်ဒေါ်လာ ၂၃သန်းဖိုး ဆုံးရှုံးခဲ့ရဟုဆို

ကမ်ပါလာ ဇန်နဝါရီ ၈

ယူဂန္ဓာနိုင်ငံသည် နွားနို့ထုတ်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်မှုများ မကောင်းခြင်းကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၂၃သန်းဖိုးရှိ နွားနို့များ ဆုံးရှုံးလျက်ရှိကြောင်း သောကြာနေ့က ဒေသဆိုင်ရာ သတင်းစာတစ်စောင်တွင် ဖော်ပြသည်။

ယူဂန္ဓာနိုင်ငံတွင် နို့ထွက်ပစ္စည်း ၂၇ရာခိုင်နှုန်းနီးပါး လေလွင့်ဆုံးရှုံးမှုများပြားလျက်ရှိကြောင်း ယူဂန္ဓာ နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း အာဏာပိုင်အဖွဲ့(ဒီဒီအေ) အကြီးအကဲ နက်သန်တွင် နာမတ်ဆီကို၏ပြောကြားချက်ကို ကိုးကားဖော်ပြသည်။

လေလွင့်မှုနည်းပါးနိုင်

နွားနို့ခြောက်ရာခိုင်နှုန်းသည် နို့ညှစ်ရာတွင် ဆုံးရှုံးမှုဖြစ်နေကြောင်း၊ ၁၁ရာခိုင်နှုန်းနှင့် ၁၀ရာခိုင်နှုန်းသည် ပို့ဆောင်ရေးနှင့် ဈေးကွက်၌ဆုံးရှုံးမှုဖြစ်နေကြောင်း၊ အစားအစာနှင့်လယ်ယာစိုက်ပျိုးရေးအဖွဲ့က တွက်ချက်ကြည့်ရာတွင် နှစ်စဉ်အမေရိကန်ဒေါ်လာ ၂၃သန်းဖိုး နို့ထွက်ပစ္စည်းများဆုံးရှုံးနေကြောင်းတွင်နာမတ်ဆီကိုကပြောကြားသည်။ နွားနို့စုဆောင်းရေးဌာနများတွင် စနစ်တကျ စုဆောင်းနိုင်လျှင် အဆိုပါဆုံးရှုံးသွားမည့်နွားနို့များ လေလွင့်မှုနည်းပါးလာနိုင်စေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦးအား ဆေးရုံ၌ ဆေးကုသမှုခံယူနေရသည်ကို ဇန်နဝါရီ ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဂျင်ဂျစ်ခန်နှင့် မိသားစုမှီဝဲခဲ့သော မွန်ဂိုရိုးရာဆေးဝါး ပြည်တွင်းနှင့်ပြည်ပတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲခဲ့

ပေကျင်း ဇန်နဝါရီ ၈

မွန်ဂိုအင်ပိုင်ရာနိုင်ငံကြီးကို ထူထောင်ခဲ့သည့် ဂျင်ဂျစ်ခန်(၁၁၆၂–၁၂၂၇)နှင့် သူ၏မိသားစု သုံးစွဲခဲ့သော မွန်ဂိုရိုးရာဆေးဝါးကို မွန်ဂိုပြည်တွင်းနှင့် ပြည်ပတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲခဲ့သည်ကိုတွေ့ရှိရကြောင်း ဆေးဝါးကျွမ်းကျင်သူ ပညာရှင် ယုလီယန်ယွန်က ပြောကြားသည်။

ဇန်နဝါရီ ၆ရက်နှင့် ၇ရက်တို့တွင် ပေကျင်း၌ ကျင်းပခဲ့သော တရုတ်ရိုးရာဆေးပညာ (စီတီအမ်)ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေး၌ ယုလီယန်ယွန်က ထိုသို့တင်ပြဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

တီမူကျင်၌ မွေးဖွားခဲ့သော ဂျင်ဂျစ်ခန်သည် ဥရောပတစ်လွှားကို စိုးမိုးသိမ်းပိုက်သည့်အခါ မွန်ဂိုဆေးပညာသည်လည်း ၎င်းနှင့်အတူ ပါရှိသွားခဲ့ကြောင်း ယုလီယန်ယွန်က ပြောကြားသည်။

အာရှ–ဥရောပတိုက်တွင် ဂျင်ဂျစ်ခန်အောင်ပွဲခံရာတွင် မွန်ဂိုဆေးဝါးက အထောက်အကူပြုခဲ့ပြီး သာမန်မွန်ဂိုလူမျိုးများ နေ့စဉ် မှီဝဲကြောင်းတွေ့ရှိရသည်ဟု ယုလီယန်ယွန်က ပြောကြားသည်။

ဂျင်ဂျစ်ခန်နှင့် မိသားစုမှီဝဲသော အဆိုပါမွန်ဂိုရိုးရာဆေးဝါးသည် သွေးတိုးရောဂါကုသရာ၌ ထင်ရှားကျော်ကြားသည်။

ထိရောက်မှုရှိ

မွန်ဂိုရိုးရာဆေးဝါးအများအပြားသည် ရောဂါဆေးဝါးကုသမှုဆိုင်ရာ အကဲဖြတ်ရာတွင် ထိရောက်မှုရှိပြီး ၂၀၀၄ခုနှစ်ကုန်ပိုင်း၌ မွန်ဂိုလီးယားတွင် သုံးစွဲသူ ရိုးရာဆေးပညာရှင် ၁၄၉၀၀ရှိပြီး မွန်ဂိုလီးယားဆရာဝန် ၄၇၇၇ဦးရှိကြောင်း တရုတ်ရိုးရာဆေးဝါးအုပ်ချုပ်ရေးဌာနက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် မဟာရံတံတိုင်းတည်ဆောက်မှုကြည့်ရှုစစ်ဆေး ရှေးဟောင်းပစ္စည်းများလွှဲပြောင်းပေးအပ်ပွဲနှင့် ဆုချီးမြှင့်ပွဲတက်ရောက်

ရန်ကုန် ဇန်နဝါရီ ၉

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်သည် ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန်လိုက်ပါလျက် ဇန်နဝါရီ ၇ ရက် မွန်းလွဲပိုင်းတွင် ရွှေတောင်မြို့နယ် ဖိုးသိန်းတန်ရွာအနီးရှိ ရှေးဟောင်းရဟန္တာသိမ်နှင့် ရဟန္တာရပ်တုများပါရှိသော မဟာရံတံတိုင်းပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပြည်မြို့နယ် သရေခေတ္တရာ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သရေခေတ္တရာ မြို့ဟောင်းအတွင်း နန်းတော်ရာမှ ရဟန္တာဂူသို့ သွားသောလမ်း၊ ရဟန္တာဂူမှ ဘောဘောကြီးဘုရား၊ ဘောဘောကြီးဘုရားမှ ဘဲဘဲဂူဘုရား၊ လေးမျက်နှာဂူဘုရားနှင့် ဗိဿနိုးမိဖုရားသင်္ချိုင်းသို့ သွားသောလမ်းများ ဖောက်လုပ်ပြီးစီးမှုကိုလည်းကောင်း၊ ရှေးဟောင်းရဟန္တာဂူနှင့် ဘဲဘဲဂူ၊ လေးမျက်နှာဂူတို့ ပြုပြင်ထိန်းသိမ်းထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်ထံ မင်းတုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းဆွေက စုဆောင်းရရှိထားသော ရှေးဟောင်းပစ္စည်းများ လွှဲပြောင်းပေးအပ်စဉ်။ (ယဉ်ကျေးမှု)

ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် ပြည်မြို့မှ မင်းတုန်းမြို့သို့ရောက်ရှိပြီး မဟာသမယ ရှေးဟောင်းသိမ်၊ ရှေးဟောင်းမင်းပုန်းဂူအဆောက်အအုံ၊ ရှေးဟောင်းမင်္ဂလာကန်နှင့် ဆင်ဖြူကန်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မင်းတုန်းမြို့နယ်မှ စုဆောင်းရရှိထားသော သမိုင်းတန်ဖိုးရှိသည့် ရှေးဟောင်းပစ္စည်းများကို တွေ့ရစဉ်။
(ယဉ်ကျေးမှု)

တက်ရောက်

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မင်းတုန်းမြို့ မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသော မင်းတုန်းမြို့နယ်မှ စုဆောင်းရရှိထားသည့် ရှေးဟောင်းပစ္စည်းများ ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး မင်းတုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေက ဒုတိယဝန်ကြီးထံ ရှေးဟောင်းပစ္စည်းများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ရှေးဟောင်းပစ္စည်းတွေ့ရှိပေးအပ်သူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်တစ်ဆယ့်ငါးသိန်းကို ဒုတိယဝန်ကြီးက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား ပေးအပ်သည်။

သမိုင်းတန်ဖိုးရှိ

ယဉ်ကျေးမှု ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သော ရှေးဟောင်းပစ္စည်းများမှာ သစ်ရွက်နှင့် ပန်းပွင့်ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ခရုကျောက်ဖြစ်ရုပ်ကြွင်းများ၊ လိပ်ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ကျောက်လက်နက်ပစ္စည်းများ၊ ပျူခေတ်အုတ်ခွက်ရုပ်ပွားဆင်းတုတော်၊ ပျူအမျိုးသမီးရုပ်၊ ပျူရွှေနားတောင်းနှင့် ရွှေပုတီးလုံးငယ်များ၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ ကြေးခွက်၊ ကြေးလင်ပန်း၊ စဉ့်သုတ်အိုးများ၊ မြေအိုးများ၊ ပျူခေတ်၊ ပုဂံခေတ်အုတ်ချပ်အမျိုးမျိုး၊ ကြေးချိန်ခွင်နှင့် ကြေးအလေးများ၊ မြေဆေးတံများ၊ ရှေးဟောင်းယွန်းထမင်းချိုင့်၊ရှေးဟောင်းဒီဇိုင်းပါအိုးခြမ်းကွဲများဖြစ်ပြီး ပစ္စည်းအမျိုးပေါင်း ၇၄ မျိုး အရေအတွက် ၁၇၈ ခုပါရှိကာ သမိုင်းတန်ဖိုးရှိသော ရှေးဟောင်းပစ္စည်းများ ပါဝင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်ဝေနေယျသုခရေချမ်းစင်အသင်း ကျပ်သိန်း ၈၀ တန်ဖိုးရှိ ရေအလှူဒါနများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်မြို့ ဝေနေယျသုခရေချမ်းစင်အသင်း နှစ်ရာပြည့်အကြို အထိမ်းအမှတ် ကျပ်သိန်း ၈၀ တန်ဖိုးရှိ ရေအလှူဒါနများကို ပဲခူးမြို့သို့ သွားရောက်၍ ရေစက်ချလှူဒါန်းသည်။ ရန်ကုန်မြို့ ဝေနေယျသုခရေချမ်းစင်အသင်းသည် ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်ကြီးတွင် ကျပ်သိန်း ၄၀ တန်ဖိုးရှိ သောက်ရေသန့်စက်များနှင့် ဂါလန် ၄၀၀ စတီးရေတိုင်ကီ၊ ကျပ် ၁၈ သိန်းတန်ဖိုးရှိ ၁၈ ပေအမြင့် သံရေစင်နှင့် ဂါလန် ၄၀၀ စတီးရေတိုင်ကီ၊ ကျပ်ခုနစ်သိန်းတန်ဖိုးရှိ နှစ်လက်မ စက်ရေတွင်း၊ ကွန်ပရက်ဆာနှင့် ရေပိုက်လိုင်းများ၊ ကျပ် ၁၅ သိန်းတန်ဖိုးရှိ ရေသန့်စက်ရုံ၊ ကွန်ပရက်ဆာစက်ရုံငယ်နှင့် ဂါလန် ၆၀၀ ကြွေပြားကပ် ကွန်ကရစ်ရေကန်၊ ၂၇ ပေ x ၁၈ ပေ ကွန်ကရစ်အခင်း စသည့် ရေအလှူဒါနများ လှူဒါန်းရေစက်ချပွဲကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၁ နာရီတွင် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ရွှေကျင် နိကာယဥပဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလထံမှောက်တွင် ရန်ကုန်မြို့ ဝေနေယျသုခ ရေချမ်းစင်အသင်းဥက္ကဋ္ဌ ဦးကျော်သောင်း၊ ဒုတိယဥက္ကဋ္ဌ (ဘဏ္ဍာရေးမှူး) ဦးသိန်းဆောင်၊ အတွင်းရေးမှူး ဦးသိန်းတန်နှင့် အမှုဆောင်များ၊ အလှူရှင် များက ရေစက်ချလှူဒါန်းသည်။ ဝေနေယျသုခရေချမ်းစင်အသင်းက လှူသမျှ တစ်နှစ်တည်း တစ်ကြိမ်တည်း ယခုအထိအများဆုံး ကျပ်သိန်း ၈၀ တန်ဖိုးရှိ ရေအလှူဒါနများဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက်က မြို့နယ်အသင်းရုံး၌ ကျင်းပရာ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်မြင့်ခင်က ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (က-ပ)

သဃ်န်းကျွန်းမြို့နယ် ဓမ္မရတနာသာသနာ့ရိပ်သာ ဟေိပသိက သုံးထပ်ကျောင်းတော် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

ဗိုလ်ချုပ်အေးကျော်(ကွယ်လွန်)-ဒေါ်လှမူ မိသားစုနှင့် ပြည်တွင်းပြည်ပမှ အလှူရှင်များ ဆောက်လုပ်လှူဒါန်းသော သဃ်န်းကျွန်းမြို့နယ် ဓမ္မရတနာသာသနာ့ရိပ်သာ ဇေဟိပသိကသုံးထပ်ကျောင်းတော် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတော်၌ ကျင်းပသည်။

ရှေးဦးစွာ မရမ်းကုန်းမြို့နယ် သဒ္ဓမ္မရံသီ မဟာစည်ရိပ်သာဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်ချီးမြှင့်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ကျောင်းတော်ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းကို အခမ်းအနားမှူးက ဖတ်ကြားလျှောက်ထားပြီး ဆရာတော်သံဃာတော်များအား ဒါယကာ ဒါယိကာမများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ဗောဓိယာရာမတရားရိပ်သာဥက္ကဋ္ဌ Dr. Wong Wai Cheong က သုံးထပ်ကျောင်းတော်အလှူရှင်များကိုယ်စား ဝမ်းမြောက်စကားလျှောက်ထားပြီး မတည်အလှူရှင်များနှင့် အလှူရှင်များအား အနုမောဒနာဂုဏ်ပြုလွှာများ ပေးအပ်ကြသည်။

ရေစက်ချအမျှဝေ

ထို့နောက် သဒ္ဓမ္မရံသီမဟာစည်ရိပ်သာဆရာတော်က လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အနုမောဒနာတရားချီးမြှင့်ရာ ပရိသတ်တို့က ရေစက်ချအမျှပေးဝေကြသည်။

ယင်းနောက် ကျောင်းတော်ရေစက်ချအလှူတော်မင်္ဂလာ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဆရာတော်များက မိုးပျံပူဖောင်းများကို ဖဲကြိုးဖြတ်၍ လွှတ်တင်ပေးတော်မူကြသည်။ **(သတင်းစဉ်)**

သဃ်န်းကျွန်းမြို့နယ် ဓမ္မရတနာသာသနာ့ရိပ်သာ ဇေဟိပသိက သုံးထပ်ကျောင်းတော်ကို တွေ့ရစဉ်။
(သတင်းစဉ်)

ဗုဒ္ဓပူဇနိယပွဲနှင့် ရွှေထီးတော်တင်လှူပွဲ

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) (၄၂)ရပ်ကွက် မယ်လမုတစ်ဖက်ကမ်း မေတ္တာချောင်းကူးရပ်ရှိ ကျေးဇူးတော်ရှင် ဘဒ္ဒန္တသိရီပါလ (ဒီပါရာမသာသနာပြု) ရန်အောင်မြင်ဆရာတော်၏ အဓိဋ္ဌာန်ဖြင့် တည်ထားပူဇော်အပ်ပြီးသော ဝဋ်ကြွေးတော်ပြေစေတီတော်၊ အမျက်တော်ပြေစေတီတော်၊ လွတ်ငြိမ်းစံစေတီတော်တို့၏ ဗုဒ္ဓပူဇနိယပွဲနှင့် ကျေးဇူးတော်ဆပ်မြတ်စေတီ ရွှေထီးတော် တင်လှူပူဇော်ပွဲကို ဇန်နဝါရီ ၂၀ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ၁၃၆၆ ခုနှစ် ပြာသိုလပြည့် (တနင်္လာနေ့) ဇန်နဝါရီ ၂၄ ရက်တွင် ကျေးဇူးတော် ဆပ်မြတ်စေတီ ရွှေထီးတော်တင်လှူ ပူဇော်ပွဲနှင့် ဝဋ်ကြွေးတော်ပြေစေတီတော်၏ ဗုဒ္ဓပူဇနိယပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

တရားပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်မြို့ ကြည့်မြင်တိုင် ကျောင်းကြီးလမ်း ကျောင်းကြီးတိုက်မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ဂန္ဓကုဋိ တန်ဆောင်းတော်ကြီးအတွင်း၌ ဇန်နဝါရီ ၁၀ ရက် (တနင်္လာနေ့) တွင် ပထမကျော် ဓမ္မာစရိယအရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ကလည်းကောင်း၊ ဇန်နဝါရီ ၁၁ ရက်(အင်္ဂါနေ့)တွင် အရှင်ရာဇိန္ဒ(ရဝေနွယ်၊ အင်းမ) ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကျေးလက်ဒေသဖွံ့ဖြိုးရေး အားသုံးအားဖြင့်ပူးပေါင်းအကောင်အထည်ဖော် အသင်းဝင်များတက်ညီလက်ညီ အောက်ခြေသိမ်းဝိုင်းဝန်းကူညီဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် လှိုင်သာယာမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်တို့မှ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်ကျေးရွာ စည်းရုံးရေးမှူးများနှင့် အသင်းဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် နံနက်ရနာရီခွဲတွင် လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးခန်းမတွင် မြို့နယ်ဌာန ဆိုင်ရာများ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ ရပ်ကွက်နှင့် ကျေးရွာ စည်းရုံးရေးမှူး များနှင့်တွေ့ဆုံ၍ အမှာစကားပြော ကြားရာတွင် လှိုင်သာယာမြို့နယ် အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ လုပ်ရှားဆောင်ရွက်မှုများကို သိရှိနိုင် ရန်နှင့် မြို့နယ်အတွင်း ဖွံ့ဖြိုးရေး လုပ်ငန်း လိုအပ်ချက်များကို ပြည် ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးရန် လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း။

မိမိတို့အသင်းကြီး၏ ကူညီပံ့ပိုး မှုဖြင့် မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများ၊ ဆေးရုံများနှင့် ရပ်ကွက် များအတွင်း သောက်သုံးရေသန့်ရရှိ ရေးနှင့် ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးတို့အတွက် ပံ့ပိုးကူညီ ဆောင်ရွက်ပြီးမှုအခြေအနေများကို တင်ပြပေးကြရန်နှင့် ထပ်မံဆောင်ရွက် ရန် လိုသည့် လုပ်ငန်းများကိုလည်း ဆွေးနွေးတင်ပြပြီး ဝိုင်းဝန်းညှိနှိုင်း အကောင်အထည်ဖော်သွားကြမည်ဖြစ် ကြောင်း ပဏာမပြောကြားသည်။

ပြည်သူ့အကျိုးပြု

ထို့နောက် လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန် ရှိသူများနှင့် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူးတို့က ပြည်သူ့အကျိုးပြုလုပ်ငန်း နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင် ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင် ရွက်လိုသည့် လုပ်ငန်းဆိုင်ရာကိစ္စများ ကို ဆွေးနွေးတင်ပြကြရာ ဗဟို အတွင်း ရေးမှူးက လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝ သည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ပေါက် ရေးအတွက် နိုင်ငံတော်က မူဝါဒလမ်း စဉ်(၇)ရပ်ချမှတ်ကာ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိကြောင်း၊ အသင်းဝင်များ အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော် အောင်မြင်ရေးအတွက် ပြည်သူလူထု နှင့် ပူးပေါင်းဆောင်ရွက်ရေး၊ မြို့နယ် အတွင်း ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးလုပ်ငန်းများတွင် ဌာန ဆိုင်ရာများ၊ ပြည်သူများနှင့် တက်ကြွ စွာ ပူးပေါင်းဆောင်ရွက်ကြရန် လို ကြောင်း၊ မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးနှင့် အမျိုးသားညီလာ ခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းအဆင့်ဆင့်ကို နည်းအမျိုး မျိုးဖြင့် နှောင့်ယှက်ဟန့်တားနေသူ အဖျက်သမားများကို အထူးသတိပြု ပြီး ပြည်သူလူထုနှင့် ပူးပေါင်းတားဆီး သွားရန် လိုအပ်ကြောင်း ဆွေးနွေး ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အတွင်း ရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်း က မြို့နယ် အသင်းဝင်များအတွက် မှတ်တမ်းစာအုပ်များနှင့် ပြက္ခဒိန် များကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် လှိုင်သာယာမြို့နယ် ကုလားကြီးစုကျေး ရွာသို့ရောက်ရှိပြီး ကုလားကြီးစုကျေး ရွာ ကျေးရွာလမ်းများနှင့် သောက်သုံး ရေကန်တို့ကိုကြည့်ရှုစစ်ဆေးကာ လို အပ်ချက်များကို ဌာနဆိုင်ရာတာဝန်ရှိ သူများနှင့်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ကုလားကြီးစုကျေးရွာဓမ္မာရုံသို့ သွား ရောက်ပြီး ရပ်မိရပ်ဖများ၊ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံ၍ နိုင်ငံတော် က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စဉ်ငါးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို ကဲ့သို့ ဆောင်ရွက်ရာတွင် ပြည်သူများ အနေဖြင့် တက်ညီလက်ညီ ဝိုင်းဝန်း ဆောင်ရွက်ပါက အောင်မြင်မှုအသီး အပွင့်များ အချိန်တိုအတွင်း ရရှိလာ မှာဖြစ်ကြောင်း၊ မိမိတို့အသင်းကြီး အနေဖြင့်လည်း တတ်နိုင်သည့်အပိုင်း မှ လိုအပ်ချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက် ပြီး ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်သွား မှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကျေးရွာပြည်သူ များ ကိုယ်စား ကျေးရွာအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်းက ကျေးရွာ၏ လိုအပ်ချက်များကို တင်ပြရာ ဗဟို အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက သက်ဆိုင်ရာ မြို့နယ် အဆင့် ဌာနဆိုင်ရာများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟို အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကုလားကြီးစုကျေးရွာ သောက်သုံးရေ ကန် ပြုပြင်ရန်အတွက် အလှူငွေကျပ် တစ်သိန်းကိုလည်းကောင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်က ငွေကျပ်ငါးသောင်းကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

နှုတ်ဆက်အားပေး

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ကျေးရွာရပ်မိရပ်ဖများနှင့် ပြည်သူများ အား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး ပြီး မွန်းလွဲ၂နာရီတွင် မင်္ဂလာတောင် ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက် ၍ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက် စည်းရုံးရေးမှူးများနှင့် အသင်းဝင် များအား တွေ့ဆုံ အမှာစကားပြော ကြားရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုး ရေးလုပ်ငန်းစဉ်ငါးရပ် အကောင် အထည်ဖော်ဆောင်ရွက်ရာ၌ အားသုံး အားဖြစ်သည့် ရပ်ကွက်ပြည်သူများ၏ အား၊ စေတနာရှင်ပြည်သူများ၏ အားနှင့် နိုင်ငံတော်၏အားတို့ဖြင့် ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ထို ကဲ့သို့ ပူးပေါင်းဆောင်ရွက်ရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအနေဖြင့် တက်ညီ လက်ညီဖြင့် အောက်ခြေသိမ်း ဝိုင်းဝန်း ကူညီ ဆောင်ရွက်ပေးကြရမှာဖြစ် ကြောင်းဖြင့်ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပုဇွန်တောင်မြို့နယ် အသင်းအတွင်းရေးမှူး ဦးဆန်နီနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်အသင်း အတွင်းရေးမှူးဦးကျော်ရှိတို့က မြို့နယ် အသင်း၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မင်္ဂလာတောင်ညွန့်မြို့နယ် မလွှကုန်း မီးရထားရပ်ကွက် ဘုန်းတော်ကြီးသင် စာသင်ကျောင်း၊ အမှတ်(၁၃)အခြေခံ ပညာမူလတန်းကျောင်း၊ အမှတ်(၁၅) အခြေခံပညာ မူလတန်းကျောင်းများ အတွက် ကျောင်းသုံးစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟို အတွင်း ရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း က မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ပုဇွန် တောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် မှတ်တမ်းစာအုပ်များနှင့် ပြက္ခဒိန် များကို ပေးအပ်လှူဒါန်းသည်။

အကောင်အထည်ဖော်လျက်ရှိ

ဆက်လက်၍ ဗဟို အတွင်း ရေးမှူးသည် မြို့နယ်အသင်း အလုပ် အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေး မှူးများနှင့် ထပ်မံတွေ့ဆုံ၍ အမှာစကား ပြောကြားရာတွင် ယခုအခါ နိုင်ငံတော် အမျိုးသားရေးပန်းတိုင် ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်း လာရေးအတွက် မြန်မာနိုင်ငံ၏သမိုင်း ကြောင်း အခြေခံများနှင့်အညီ မြန်မာ လူမျိုးများ၏ ဓလေ့စရိုက်ပေါ်တွင် အခြေခံကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းလာစေရန် နိုင်ငံတော် ရှေ့ ဆက် သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး အကောင်အထည်ဖော်လျက် ရှိကြောင်း။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်နှင့် အညီ အမျိုးသားညီလာခံကြီးကို အောင်မြင် စွာ ကျင်းပပြီးစီးသည့်အခါတွင်လည်း စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းတိုးတက် ရေးအတွက် လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက် အကောင်အထည်ဖော်သွားမှာ ဖြစ် ကြောင်း။

အသင်းဝင်များ၏ အရည် အသွေး မြင့်မားရေးအတွက် နွေရာသီ သင်တန်းများ ဖွင့်လှစ်နိုင်ရေး ကြိုတင် စီမံဆောင်ရွက်ထားရန်နှင့် စီမံခန့်ခွဲ ရေးသင်တန်းများအပြင် ကွန်ပျူတာ သင်တန်း၊ ဓာတ်ပုံပန်းထိုးသင်တန်းနှင့် လူငယ်စာရိတ္တမြင့်မားရေးသင်တန်း များကိုပါ တတ်နိုင်သရွေ့ မြို့နယ် နှစ်ခုစလုံးတွင် တိုးချဲ့ဖွင့်လှစ်ရန် ဖြစ်ကြောင်း။

ပုဇွန်တောင်မြို့နယ်နှင့် မင်္ဂလာ တောင်ညွန့်မြို့နယ် နှစ်မြို့နယ်စလုံး၏ မီးဘေးအန္တရာယ်ကာကွယ်ရေးလည်း အထူးဂရုစိုက်ပြီး အသင်းသားအား လုံးက တက်တက်ကြွကြွဖြင့် ပြည် သူလူထုနှင့် ပူးပေါင်းဆောင်ရွက်ကြ ရန်ဖြစ်ကြောင်း ပြောကြားကာ အသင်းဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

မဟာဝိဇယစေတီတော်မြတ်ကြီးအား ရွှေဆိုင်းများလှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်မြို့ရှိ မဟာဝိဇယစေတီတော်မြတ်ကြီးအား ၂၀၀၅ခုနှစ်တွင် လုံးတော်ပြည့်ရွှေသင်္ကန်းတော် ကပ်လှူပူဇော်မည်ဖြစ်ရာ နှစ်လက်မပတ်လည် ရွှေဆိုင်းတစ်ရွက်လျှင် ငွေကျပ် ၁၀၀နှုန်းဖြင့် ရွှေဆိုင်းအရွက် ၁၀၀ပါ တစ်ဆိုင်းကို ငွေကျပ် ၁၀၀၀၀ဖြင့် လှူဒါန်းနိုင်သည်။

ကမ္ပည်းရေးထိုးပေးမည်

ထို့ပြင် ယင်းစေတီတော်မြတ်ကြီး ပထမပစ္စယာရှိ အရံစေတီတော် ရှစ်ဆူအတွက် တစ်ဆူလျှင် ငွေကျပ်ငါးသိန်း၊ ဒုတိယပစ္စယာရှိ အရံစေတီ တော် ရှစ်ဆူအတွက် တစ်ဆူလျှင် ငွေကျပ်လေးသိန်းနှင့် တတိယပစ္စယာရှိ စေတီတော် ရှစ်ဆူအတွက် တစ်ဆူလျှင် ငွေကျပ်သုံးသိန်းဖြင့် ရွှေဆိုင်းများ လှူဒါန်းနိုင်ပြီး အလှူရှင်အတွက် ကမ္ပည်းရေးထိုးပေးမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေများ လှူဒါန်းလိုပါက ဥက္ကဋ္ဌ မဟာဝိဇယစေတီတော် ဂေါပကအဖွဲ့ ဓမ္မရက္ခိတကုန်းတော် ရွှေတိဂုံဘုရားလမ်း ဒဂုံမြို့နယ် ဖုန်း-၀၁-၃၇၁၂၆၈၊ ဂေါပကအဖွဲ့ဝင် (လုပ်ငန်း) ဖုန်း-၀၁-၃၇၁၂၆၄၊ မဟာဝိဇယ စေတီတော်ရင်ပြင်ရှိ အလှူခံဌာနများ၊ ဥက္ကဋ္ဌ မထသ(အဝေးပြေး) အောင် မင်္ဂလာကားဂိတ် မြောက်ဥက္ကလာပမြို့နယ် ဖုန်း -၀၁-၆၃၉၄၅၅ လိုင်းခွဲ- ၂၉၁/၃၂၃ နှင့် ဥက္ကဋ္ဌ မထသ (ရန်ကုန်တိုင်း) ကျိုက္ကဆံလမ်းဆုံအနီး သင်္ဃန်းကျွန်းမြို့နယ် ဖုန်း-၀၁-၅၄၁၉၀၃ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၁)မရမ်းကုန်း (သမိုင်း မြို့မကျောင်း) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

အထက(၁)မရမ်းကုန်း(သမိုင်း မြို့မကျောင်း) ကျောင်းသား ကျောင်း သူဟောင်းများ၏ ဒသမအကြိမ် မြောက် သက်ကြီးအာစရိယပူဇော်ပွဲ အခမ်းအနားကို အထက(၁) မရမ်း ကုန်း စန္ဒိမာခန်းမတွင် ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေ)နေ့ မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အသက်(၆၀) ပြည့်ပြီး ကန် တော့ခံ ဆရာကြီး ဆရာမကြီးများ၊ စာရင်းတွင် မပါဝင်သေးသည့် ဆရာ ကြီး ဆရာမကြီးများ ဆက်သွယ်ကြ ရန်နှင့် အလှူငွေ၊ လှူဖွယ်ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် ကျောင်း အုပ်ဆရာကြီး ဦးရှိန်းလိန်းအောင် ဖုန်း-၆၆၀၅၃၄၊ ဒေါ်ခင်လှ ဖုန်း- ၆၆၇၄၄၃၊ ဗိုလ်မှူးမြင့်သိန်း ဖုန်း- ၆၆၂၇၇၅၊ ဦးတင်ဝင်း ဖုန်း-၆၆၇၅၁၁၊ ဦးမြတ်ထွန်းဖုန်း-၆၆၂၀၁၅၊ ဒေါ်ခင်မြ ဖုန်း-၆၅၁၅၈၉၊ ဒေါက်တာအောင် မြတ်သိန်း ဖုန်း- ၆၅၁၅၂၆၊ ဦးမောင် မောင်သိန်း ဖုန်း-၆၉၀၁၃၅၊ ဦးတင်မြင့် ဖုန်း- ၆၆၁၈၉၂ နှင့် ဦးကြည်ဝင်း - ဒေါ်အေးအေးလှိုင် ဖုန်း- ၆၆၆၇၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ဖို့မြေ ဓမ္မာရုံလမ်း အမှတ် ၆၃ နေ ဦးဘသိန်း-ဒေါ်စိန်တုပ်(ဖလမ်း)တို့အားရည်စူး၍ သားသမီးများဖြစ်ကြသော ဦးသိန်းဆွေ၊ ဒေါ်တင်ရွှေ၊ ဒေါ်တင်အေး၊ ဒေါ်ငွေငွေမူတို့က သုံးထပ် ဘိုးဘွား ဆေးရုံသစ်ကြီးတည် ဆောက် ရန်အတွက် ငွေကျပ် နှစ်သိန်းငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

၂၀၀၄-၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က (အကျောပေး)တံခွန်စိုက် ဆုဖလားကြီးရရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား တံခွန်စိုက်ဆုဖလားကြီး ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

၂၀၀၄-၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က (အကျော့မဲ့)တံခွန်စိုက်ဆုဖလားကြီး ရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းအား တံခွန်စိုက်ဆုဖလားကြီးပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကျောဖုံးမှ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းတို့က ဂေါက်သီးရိုက်၍ ၂၀၀၄-၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊ လေ)ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ယှဉ်ပြိုင်

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အတွဲ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတွဲ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများပါဝင်သော အတွဲတို့သည် ၂၀၀၄-၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ကစားကြပြီး ပြိုင်ပွဲဝင်အသင်း ၁၅သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများသည် ပထမနေ့၁၈ကျင်း ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ၂၀၀၄-၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားတွင် အသင်းလိုက် (အကျောပေး)ပြိုင်ပွဲ၌ ပထမဆုရရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း ၂၀၀၄-၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားတွင် အသင်းလိုက် (အကျော့မဲ့)ပြိုင်ပွဲ၌ ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ၂၀၀၄-၂၀၀၅ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက် ပြိုင်ပွဲဆုပေးပွဲအခမ်းအနားတွင် တစ်ဦးချင်း(အကျောပေး)ပြိုင်ပွဲ၌ ပထမဆု ရရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်မှူးသန်းထိုက်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ၂၀၀၄-၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားတွင် တစ်ဦးချင်း(အကျော့မဲ့) ပြိုင်ပွဲ၌ ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းမှ ဗိုလ်ကြီးဇော်မင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

၂၀၀၄-၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားတပ်မတော်(ကြည်း၊ရေ၊လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် နောက်ဆုံးနေ့ပြိုင်ပွဲကို ယနေ့နံနက်ဖြနာရီခွဲတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နံနက် ၁၀နာရီတွင် ပြိုင်ပွဲကျင်းပရာ တပ်မတော်ဂေါက်ကွင်းသို့ ရောက်ရှိလာပြီး ဂေါက်သီးရိုက်ပြိုင်ပွဲ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသရောင်းချလျက်ရှိသည့် ဂေါက်သီးရိုက် အားကစားပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ကုန်ပစ္စည်း အရောင်းဆိုင်များ၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်နှင့် သားရေထည်ပစ္စည်း အရောင်းဆိုင်တို့ကိုကြည့်ရှုကာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များ၏ ဂေါက်သီး ရိုက်ပါဝင်ကစားနေမှုတို့ကို ကြည့်ရှုအားပေးသည်။

အဆိုပါ တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယ နေ့နှင့် နောက်ဆုံးနေ့ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၅သင်းတို့မှ ဂေါက်သီး ရိုက် အားကစားသမားများက ဆက်လက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲ ပွဲစဉ်များ အားလုံး ညနေပိုင်းတွင် ကျင်းပပြီးစီးသွားသည်။

၂၀၀၄-၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားတပ်မတော်(ကြည်း၊ရေ၊လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ညနေ ၆နာရီတွင် တပ်မတော်ဂေါက်ကွင်းခန်းမဆောင်၌ကျင်းပရာ နိုင်ငံတော် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ တပ်မတော် အရာရှိကြီးများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

အသင်းလိုက်(အကျောပေး)ပြိုင်ပွဲဆုချီးမြှင့်

ဆုချီးမြှင့်ပွဲတွင် ရှေးဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက အသင်းလိုက်(အကျောပေး)ပြိုင်ပွဲ၌ အသားတင်ရိုက်ချက် ၅၉၅ချက်ဖြင့် တတိယဆုရရှိသည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အသင်း၊ အသားတင်ရိုက်ချက် ၅၆၅ချက်ဖြင့် ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အသင်းနှင့်အသားတင်ရိုက်ချက် ၅၂၉ချက်ဖြင့် ပထမဆုရရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့အား ဆုချီးမြှင့်သည်။

အသင်းလိုက်(အကျောမဲ့)ပြိုင်ပွဲဆုချီးမြှင့်

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက အသင်းလိုက်(အကျောမဲ့)ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက်၇၄၂ချက်ဖြင့် တတိယဆုရရှိသည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်း၊ စုစုပေါင်းရိုက်ချက် ၇၀၈ ချက်ဖြင့် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် စုစုပေါင်းရိုက်ချက် ၆၅၆ချက်ဖြင့် ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းတို့အား ဆုများချီးမြှင့်သည်။

တစ်ဦးချင်း(အကျောပေး)ပြိုင်ပွဲဆုချီးမြှင့်

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တစ်ဦးချင်း (အကျောပေး)ပြိုင်ပွဲ၌ အသားတင်ရိုက်ချက် ၁၂၉ ချက်ဖြင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်မှူးသန်းဦး၊ အသားတင်ရိုက်ချက် ၁၂၉ ချက်ဖြင့် ဒုတိယဆုရရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းမှ ဒုတိယဗိုလ်မှူးကြီးမင်းဇော်နှင့် အသားတင်ရိုက်ချက်၁၂၇ချက်ဖြင့် ပထမဆုရရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်မှူးသန်းထိုက်တို့အား ဆုများချီးမြှင့်သည်။

တစ်ဦးချင်း(အကျောမဲ့)ပြိုင်ပွဲဆုချီးမြှင့်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက တစ်ဦးချင်း (အကျောမဲ့)ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၁၆၄ ချက်ဖြင့် တတိယဆုရရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်မှူးသန်းထိုက်၊ စုစုပေါင်းရိုက်ချက် ၁၆၂ချက်ဖြင့် ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းမှ ဗိုလ်ကြီးမောင်မောင်မြင့်နှင့် စုစုပေါင်းရိုက်ချက်၁၅၉ချက်ဖြင့် ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းမှ ဗိုလ်ကြီးဇော်မင်းတို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက (ပါ)အများဆုံး၊ (ဘာဒီ)အများဆုံးနှင့် (အီဂယ်)အများဆုံးရရှိကြသည့် အားကစားသမားများအား ဆုများချီးမြှင့်သည်။

နေ့အလိုက်အကောင်းဆုံးဆု

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ပြိုင်ပွဲပထမနေ့နှင့် ဒုတိယနေ့တို့အတွက် နေ့အလိုက်တစ်ဦးချင်း(အကျောပေး) အကောင်းဆုံးဆုနှင့် တစ်ဦးချင်း(အကျောမဲ့) အကောင်းဆုံးရရှိကြသည့် အားကစားသမားများအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ်ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ပြိုင်ပွဲနေ့အလိုက် အဝေးဆုံးရိုက်ချက်ဆုနှင့် ကျင်းနှင့်အနီးဆုံးရိုက်ချက်ဆု ရရှိကြသည့် အားကစားသမားများအား ဆုများချီးမြှင့်သည်။

အကြိုးစားဆုံးဆု

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အကြိုးစားဆုံး အားကစားသမား(အကျောပေး)ဆု၊ အကြိုးစားဆုံးအားကစားသမား (အကျောမဲ့)ဆုနှင့် အကြိုးစားဆုံးအသင်း(အကျောပေး)ဆုတို့ကို ဆုများချီးမြှင့်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

၂၀၀၄-၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ တံခွန်စိုက်ဆုဖလားကြီးရရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းမှ ဂေါက်သီးရိုက်အားကစားသမားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

တံခွန်စိုက်ဆုချီးမြှင့်

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၄-၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားတပ်မတော်(ကြည်း၊ရေ၊လေ)ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၆၅၆ချက်ဖြင့်(အကျောမဲ့)ပြိုင်ပွဲတံခွန်စိုက်ဆုဖလားကြီးရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းနှင့် အသားတင်ရိုက်ချက် ၅၂၉ချက်ဖြင့် (အကျောပေး) ပြိုင်ပွဲ တံခွန်စိုက်ဆုဖလားကြီးရရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဆုဖလားကြီးများ ချီးမြှင့်ပေးအပ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ ၂၀၀၄-၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားတပ်မတော် (ကြည်း၊ရေ၊လေ)ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် ဂေါက်သီးရိုက်အားကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ၂၀၀၄-၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ)ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားကြီးရရှိကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းနှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းတို့မှ ဂေါက်သီးရိုက်အားကစားသမားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၀-၁-၂၀၀၅
(တနင်္လာနေ့)
နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၂၀ ၇။ ဗိုလ်မြတ်ထွန်းတံတား
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Grammar made Easy
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၁၇:၁၀ ၆။ အကပဒေသာ
- ၁၇:၂၅ ၇။ မြန်မာစာ၊ မြန်မာစကား
- ၁၇:၄၀ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအဆိုအကများ
- ၁၇:၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၁၈:၀၀၁၀။ စက်မှုစွမ်းအားခေတ်ကျော်လွှား
- ၁၈:၁၀၁၁။ Discovery
- ၁၈:၁၅၁၂။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဝုခုန်း" (အပိုင်း-၅၇)**
- ၁၈:၃၀၁၃။ ညနေခင်းသတင်း
- ၁၉:၀၀၁၄။ မိုးလေဝသအခြေအနေ
- ၁၉:၀၅၁၅။ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ (ပထမနေ့) ဖွင့်ပွဲအခမ်းအနား အစီအစဉ် (၂) (၉-၁၂-၂၀၀၄)
- ၁၉:၃၅၁၆။ **အချုပ်အခြာအာဏာခွန့်ရှည်ကြာခိုင်မာစေမှုဒို့ရေးရှု "ကျန်းမာရေးကဏ္ဍသမိုင်းမှတ်တိုင်သစ်"**
- ၂၀:၀၀၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ" (အပိုင်း-၂၈)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ကြည့်ရှုစစ်ဆေး

ဇန်နဝါရီ ၉ ရက်က မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ကော်မတီဝင်များ မော်တော်ယာဉ်မသုံးစွဲရနေ့တွင် တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၉

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီကကြီးမှူးကျင်းပသော အထူးတရားပွဲ စတင်ခြင်း အခမ်းအနားကို ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မာဓမ္မဗိမာန်တော်၌ ဇန်နဝါရီ ၃ ရက် ည ၇ နာရီတွင် ကျင်းပရာ ပြင်သစ်ဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသိရီနှင့် ဓမ္မစေတီဆရာတော် အရှင်ကောသလ္လတို့ ကြွရောက်တော်မူကြပြီး ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဓမ္မစေတီတော် ဆရာတော် အရှင်ကောသလ္လက ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အင်တိုက်အားတိုက် လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကားမြွက်ကြားတော်မူသည်။

ယင်းနောက် တရားပွဲလာ ပရိသတ်အား ကျောင်းလှူအကျိုး ခုနစ်မျိုးနှင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်တို့ကို ဟောကြားတော်မူပြီး ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီအနေဖြင့် ယနေ့အထိ အလှူငွေရရှိမှု စုစုပေါင်းမှာ ကျပ်တစ်ထောင်ခုနစ်ဆယ့်တစ်သိန်းကျော်နှင့် (FEC)တစ်သောင်း နှစ်ထောင်ကျော် ရရှိနေပြီဖြစ်ပြီး ဖုန်း ၀၉- ၈၀၃၂၆၉၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သီတဂူဓမ္မသဘင် တရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ မဟာဓမ္မရုံသီအိမ်တော်ရာစေတီတော်မြတ်ကြီး ရင်ပြင်တော် ရတနာ့ဗိမာန်တော်ကြီး၌ ဇန်နဝါရီ၁၂ရက်(ဗုဒ္ဓဟူးနေ့)ည၇နာရီတွင် သီတဂူဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဗဟုဇနဟိတဓရ မဟာဓမ္မကထိကအကျော် ဒေါက်တာအရှင်ဉာဏိဿရ(D. Litt)ကြွရောက်၍ တရားဟောကြားချီးမြှင့်တော်မူမည်ဟု သိရသည်။

(က-ပ)

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

အသက်ရှည်စွာ အနာမဲ့ရေး (၇)

ဒေါက်တာ လွင်ကို

"ဆရာရေ– ဒီနေ့တော့ မိတ်ဆွေသစ်တစ်ယောက် ခေါ်လာခဲ့တယ်။ ဦးထွန်းကြည်တဲ့၊ ရှေ့နေကြီးပါ။ ဆရာ့ ဆောင်းပါးတွေဖတ်ပြီး အင်တီအောက်စီဒင့် အာနိသင်ရအောင် ဝိုင်အရက်သောက်ရင်း ဝိုင်မရတဲ့အခါ အခြား အရက်လဲ ဒီအာနိသင် ရှိမှာပဲဆိုပြီး သောက်နေတယ်" ဦးဘချောက စကားစ ပါသည်။

"နဲနဲပါးပါးပါ ဆရာ၊ ကျွန်တော်ခံစားနေရတဲ့ ပန်းနာရင်ကျပ် သက်သာ ပါတယ်။ နောက်ပြီး အရက်က သွေးကြောတွေကျယ်တယ်ဆိုတော့ နှလုံးသွေး ကြောကျယ်အောင်လို့ပါဆရာ။ ကျွန်တော့်မှာ နှလုံးသွေးကြော ကျဉ်းစပြုနေပြီ လို့ ရန်ကုန်မှာ Check up လုပ်တုန်းက သိခဲ့ရလို့ပါ"

"ကျွန်တော်ကတော့ အရက်အကြောင်း သိပ်မသိပါဘူး။ သို့သော် သိသလောက်ပြောရရင် ဝိုင်အရက်က ဥပမာ–မက်မန်းဝိုင်ဆိုပါတော့၊ မက်မန်းသီးကို ဓားရာပေး၊ သကြားနဲ့ဆား သင့်ရုံထည့်၊ စဉ့်အိုးကြီးကြီးမှာထည့်၊ ခြောက်လ၊တစ်နှစ် အလုံပိတ်ထားတာ၊ မက်မန်းသီးက ထွက်လာတဲ့အရည်၊ အဲဒီအရည်မှာ Antioxidant ပါတယ်လို့ အင်တာနက်က ထုတ်ယူထားတဲ့ စာထဲမှာ တွေ့ရပါတယ်။ အဲဒါကို (Ferment)ဖာမင့် လုပ်တယ်လို့ နားလည်ရ ပါတယ်။ တခြားအရက်ကတော့ ကောက်ညှင်းဆန်နဲ့ တဆေးရောပြီး ရေစိမ်၊ တစ်ပတ်လောက်ကြာတော့ ပေါင်းအိုးထဲထည့်ပေါင်းပြီး ကျလာတဲ့ချွေးကို ခံယူတာပါပဲ။ ပထမပိုင်းကျတာကို ဦးရည်လို့ ခေါ်ကြတယ်။ မီးတောက် အရက်အပြင်းစားပေါ့။ နောက်ရေထပ်ထည့် ထပ်ပေါင်း စသည်ဖြင့် ဆောင်ရွက် တာက (distiled) ပေါင်းခံအရက်ပါ၊ အဲဒီမှာ Antioxidantပါတယ်လို့ ဘယ်သုတေသနစာတမ်းမှာမှ မတွေ့ဖူးပါဘူး"

"ကျွန်တော့် ရင်ကျပ်ပန်းနာတော့ တော်တော်သက်သာသွားပါတယ် ဆရာ"

"Antioxidant အာနိသင်ကြောင့် သက်သာတာမဟုတ်ပါဘူး ရှေ့နေကြီး။ အရက်မှာပါတဲ့ လေပြွန်ကို ကျယ်စေတဲ့ အာနိသင်ကြောင့် သက်သာတာပါ။ နောက်ပြီး (Sedation) စိတ်ငြိမ်စေတဲ့ အာနိသင်လည်း ရှိလို့ပါ။ ဒါ့အပြင် ကျွန်တော်တို့တစ်တွေ အမှတ်မှားနေတာက အရက်သောက်ရင် သွေးကြောတွေကျယ်ပြီး နွေးနွေးထွေးထွေး ဖြစ်တယ်။ မျက်နှာတွေ နီလာတယ်။ အဲဒီတော့ နှလုံးသွေးကြောကိုလည်း ကျယ်စေမယ်ပေါ့။ တကယ်တော့ ကျယ်လာတဲ့ သွေးကြောတွေက ခန္ဓာကိုယ်အပြင်ပိုင်း၊ အရေပြားအောက်မှာရှိတဲ့ သွေးကြောတွေ။ နှလုံးသွေးကြောကိုတော့ မကျယ်စေပါဘူး။ အရက်သောက်လို့ ရောဂါပျောက်ဖို့ မစဉ်းစားပါနဲ့၊ စွဲသွားမှာစိုးလို့ပါ။ အရက်စွဲလို့ဖြစ်တဲ့ ဆိုးကျိုးတွေ ကို ကျန်းမာရေးဝန်ကြီးဌာနက သတိပေးထားတာ တီဗွီမှာအမြဲလိုတွေ့ရ တယ်မို့လား။ အချက်ကိုးချက်နဲ့လေ"

"ဟုတ်ကဲ့ပါဆရာ၊ တစ်ပက်နှစ်ပက်ပါ"

"ရှေ့နေကြီး ဈေးဆစ်နေပြီ၊ ခင်ဗျားလဲ ပညာတတ်ကြီးပါဗျာ။ (All habits are gathered by small degree, so as a little drop of rain make mighty ocean and a little grain of sand make pleasant land) တဲ့"

"ဆရာ–ကျွန်တော်တို့အတွက်ထပ်ရှင်းပါဦး"ဟုဦးလေးချစ်က ဆိုပါသည်။

"ဟုတ်ကဲ့ခင်ဗျ–အားလုံးသော အကျင့်စရိုက်များသည် အသေးအဖွဲ့ အမှတ် မထင်ကိစ္စကလေးများမှ စကြပါတယ်။ ဒီလိုပါပဲ တစ်စက်ချင်းကျတဲ့ မိုးပေါက် ကလေးတွေက အင်အားကြီးမားတဲ့ သမုဒ္ဒရာကြီးကို ဖြစ်စေသလို၊ တစ်ပွင့်ချင်း တစ်ပွင့်ချင်း စုလာတဲ့ သဲမြေမှုန်ကလေးတွေကလည်း သာယာလှပတဲ့ ကမ္ဘာမြေကြီးကို ဖန်တီးပါတယ်တဲ့"

"နားလည်တော့လဲ ကောင်းလိုက်တဲ့စာသားဗျာ။ ရှေ့နေကြီးအစွဲအလမ်း မဖြစ်ခင် နားလည်ပေတော့။ ပညာရှိသတိဖြစ်ခဲဆိုတာမျိုး မဖြစ်စေနဲ့လေ။

တန်ဆေး၊ လွန်ဘေး ဆိုတဲ့သဘောနဲ့ ဆေးဆိုသည်များကို တကယ်မလိုအပ်ဘဲ မိမိသဘောနဲ့ မစားသုံးမိစေဖို့အပြင် ဗီတာမင်နဲ့မင်နရယ် သက်စောင့်ဆေးများကို ဆေးဆိုင်များကဆေးပြားများ ဝယ်စားတာထက် ဟင်းသီး ဟင်းရွက်ကို သားငါးနဲ့ရောစား၊ တစ်ပိုင်တစ်နိုင် ကိုယ်တိုင်စိုက် စားကြပါ။

ကျွန်တော်တို့ အခုရောက်လာရခြင်း ပင်မအကြောင်းစရအောင်၊ အရင်အပတ်က ဗီတာမင်နဲ့သတ္တုဓာတ် ဘယ်လောက်ပမာဏ စားသင့်တယ်ဆိုတာ ဆက် ဆွေးနွေးတာလေး ကြားချင်လို့ ဆရာ့ဆီလာကြတာ။ ဆရာအားမယ့် အချိန်ကို ကျွန်တော်တို့ တော်တော် ချောင်းရပါတယ်"

"ရပါတယ် ဦးလေးတို့ခင်ဗျာ၊ ဦးလေးတို့ စိတ်ဝင်စားမယ်ထင်လို့ ကျွန်တော် ဘာသာပြန်ထားပါတယ်။ အမျိုးသားသုတေသနကောင်စီက ထုတ်ဝေထားတာပါပဲ။ မွေးကင်းစကလေးကနေပြီး ကလေး၊ လူကြီး၊ ကျား၊ မ၊ ကိုယ်ဝန်ဆောင်နဲ့ နို့တိုက်မိခင်များအတွက်ပါ ဖော်ပြထားပါတယ်"

လူတစ်ယောက်၏အစားအစာတွင် နေ့စဉ်ပါဝင်သင့်သော ဗီတာမင်နှင့်သတ္တုဓာတ်ပမာဏ

	အသက်(နှစ်)	ကီလိုဂရမ်/ပေါင် ကိုယ်အလေးချိန်	စင်တီမီတာ/လက်မ အရပ်အမြင့်	ပရိုတင်း(အသားဓာတ်) ဂရမ်	အဆီတွင်ပျော်ဝင်သောဗီတာမင်များ: ဗီတာမင်အေ ယူနစ်	ဗီတာမင်ဒီ မိုက်ခရိုဂရမ်	ဗီတာမင်အီး မီလီဂရမ်	ရေတွင်ပျော်ဝင်သော ဗီတာမင်များ: ဗီတာမင်စီ မီလီဂရမ်	ဖောလစ်အက်ဆစ် မိုက်ခရိုဂရမ်	နိုင်ယာစင် မီလီဂရမ်	ဗီတာမင် ဘီ၂ မီလီဂရမ်	ဗီတာမင် ဘီ၁ မီလီဂရမ်	ဗီတာမင် ဘီ၆ မီလီဂရမ်	ဗီတာမင် ဘီ၁၂ မိုက်ခရိုဂရမ်	သတ္တုဓာတ်များ: ကယ်လ်စီယမ် မီလီဂရမ်	ဖော့စဖရပ်စ် မီလီဂရမ်	အိုင်အိုဒင်း မိုက်ခရိုဂရမ်	အိုင်းရွန်း မီလီဂရမ်	မဂ္ဂနီစီယံ မီလီဂရမ်	ဇင့် မီလီဂရမ်
ကလေး	၀.၀–၀.၅	၆/၁၃	၆၀/၂၄	ကီလိုx၂.၂	၄၂၀	၁၀	၃	၃၅	၃၅	၆	၀.၄	၀.၃	၀.၃	၀.၅	၃၆၀	၂၄၀	၄၀	၁၀	၅၀	၃
	၀.၅–၁.၀	၉/၂၀	၇၁/၂၈	ကီလိုx၂.၀	၄၀၀	၁၀	၄	၃၅	၄၅	၈	၀.၆	၀.၅	၀.၆	၀.၅	၅၄၀	၃၆၀	၅၀	၁၅	၇၀	၅
ကလေး	၁–၃	၁၃/၂၉	၉၀/၃၅	၂၃	၄၀၀	၁၀	၅	၄၅	၁၀၀	၉	၀.၈	၀.၇	၀.၉	၂.၀	၈၀၀	၈၀၀	၇၀	၁၅	၁၅၀	၁၀
	၄–၆	၂၀/၄၄	၁၁၂/၄၄	၃၀	၅၀၀	၁၀	၆	၄၅	၂၀၀	၁၁	၁.၀	၀.၉	၁.၃	၂.၅	၈၀၀	၈၀၀	၉၀	၁၀	၂၀၀	၁၀
	၇–၁၀	၂၈/၆၂	၁၃၂/၅၂	၃၄	၇၀၀	၁၀	၇	၄၅	၃၀၀	၁၆	၁.၄	၁.၂	၁.၆	၃.၀	၈၀၀	၈၀၀	၁၂၀	၁၀	၂၅၀	၁၀
ကျား	၁၁–၁၄	၄၅/၉၉	၁၅၇/၆၂	၄၅	၁၀၀၀	၁၀	၈	၅၀	၄၀၀	၁၈	၁.၆	၁.၄	၁.၈	၃.၀	၁၂၀၀	၁၂၀၀	၁၅၀	၁၈	၃၅၀	၁၅
	၁၅–၁၈	၆၆/၁၄၅	၁၇၆/၉၆	၅၆	၁၀၀၀	၁၀	၁၀	၆၀	၄၀၀	၁၈	၁.၇	၁.၄	၂.၀	၃.၀	၁၂၀၀	၁၂၀၀	၁၅၀	၁၈	၄၀၀	၁၅
	၁၉–၂၂	၇၀/၁၅၄	၁၇၇/၇၀	၅၆	၁၀၀၀	၇.၅	၁၀	၆၀	၄၀၀	၁၉	၁.၇	၁.၄	၂.၂	၃.၀	၈၀၀	၈၀၀	၁၅၀	၁၀	၃၅၀	၁၅
	၂၃–၅၀	၇၀/၁၅၄	၁၇၈/၇၀	၅၆	၁၀၀၀	၅	၁၀	၆၀	၄၀၀	၁၈	၁.၆	၁.၄	၂.၂	၃.၀	၈၀၀	၈၀၀	၁၅၀	၁၀	၃၅၀	၁၅
	၅၁+	၇၀/၁၅၄	၁၇၈/၇၀	၅၆	၁၀၀၀	၅	၁၀	၆၀	၄၀၀	၁၆	၁.၄	၁.၂	၂.၂	၃.၀	၈၀၀	၈၀၀	၁၅၀	၁၀	၃၅၀	၁၅
မ	၁၁–၁၄	၄၆/၁၀၁	၁၅၇/၆၂	၄၆	၈၀၀	၁၀	၈	၅၀	၄၀၀	၁၅	၁.၃	၁.၁	၁.၈	၃.၀	၁၂၀၀	၁၂၀၀	၁၅၀	၁၈	၃၀၀	၁၅
	၁၅–၁၈	၅၅/၁၂၀	၁၆၃/၆၄	၄၆	၈၀၀	၁၀	၈	၆၀	၄၀၀	၁၄	၁.၃	၁.၁	၂.၀	၃.၀	၁၂၀၀	၁၂၀၀	၁၅၀	၁၈	၃၀၀	၁၅
	၁၉–၂၂	၅၅/၁၂၀	၁၆၃/၆၄	၄၄	၈၀၀	၇.၅	၈	၆၀	၄၀၀	၁၃	၁.၂	၁.၁	၂.၀	၃.၀	၈၀၀	၈၀၀	၁၅၀	၁၈	၃၀၀	၁၅
	၂၃–၅၀	၅၅/၁၂၀	၁၆၃/၆၄	၄၄	၈၀၀	၅	၈	၆၀	၄၀၀	၁၃	၁.၂	၁.၀	၂.၀	၃.၀	၈၀၀	၈၀၀	၁၅၀	၁၈	၃၀၀	၁၅
	၅၁+	၅၅/၁၂၀	၁၆၃/၆၄	၄၄	၈၀၀	၅	၈	၆၀	၄၀၀	၁၃	၁.၂	၁.၀	၂.၀	၃.၀	၈၀၀	၈၀၀	၁၅၀	၁၀	၃၀၀	၁၅
ကိုယ်ဝန်ဆောင်				+၃၀	+၂၀၀	+၅	+၂	+၂၀	+၄၀၀	+၂	+၀.၃	+၀.၄	+၀.၆	+၁.၀	+၄၀၀	+၄၀၀	+၂၅		+၁၅၀	+၅
နို့တိုက်မိခင်				+၂၀	+၄၀၀	+၅	+၃	+၄၀	+၁၀၀		+၀.၅	+၀.၅	+၀.၅	+၁.၀	+၄၀၀	+၄၀၀	+၅၀		+၁၅၀	+၁၀

မှတ်ချက်

၁၀၀၀ မိုက်ခရိုဂရမ် = တစ်မီလီဂရမ်။ ၁၀၀၀ မီလီဂရမ် = တစ်ဂရမ်။ ၁၆.၃ ဂရမ် = တစ်ကျပ်သား။

Source - Food and Nutrition Board, National Academy of Science, National Research Council (USA)

"ဒီအချိန်အဆတွေကို ဘယ်လိုတွက်စားရမှာလဲဆရာ"ဟု ဦးလေးတင်အေးက ဇယားကွက်များကို သေချာကြည့်၍ မေးပါသည်။

"နေ့စဉ်တော့ ဘယ်သူမှ တွက်စားဖို့မလိုပါဘူး ဦးလေးတို့ရာ၊ ကျွန်တော်တို့ စားနေကျ အသားငါးနဲ့ဟင်းသီးဟင်းရွက် အစားအသောက် တွေထဲမှာ ပြည့်စုံလုံလောက်ပြီးသားပါ။ သို့သော်ငြားလည်း ဝမ်းပျက်ဝမ်းလျှော ဖြစ်ပြီးစ၊ နာလန်ထစနဲ့၊ အစားအသောက်ရက်ရှည်ပျက်တဲ့ အခါမျိုးမှာတော့ ဗီတာမင် မျိုးစုံပါတဲ့ ဆေးပြားတွေကို ဆရာဝန်အကြံပြုချက်နဲ့ စားသင့်တာပေါ့။ Mineral ဆိုတဲ့ သတ္တုဓာတ်လဲ ဒီအတိုင်းပါပဲ။ သာမန်အခြေအနေမှာ အပိုဆောင်းစားဖို့ (လုံးဝ)မလိုပါဘူး"

"ဗီတာမင် ဆေးပြားတွေကို မလိုအပ်ဘဲ စားရင်ကော အန္တရာယ် ရှိနိုင်လား ဆရာ"

"အန္တရာယ်ဆိုတဲ့ စာသားလောက်တော့ မပြင်းထန်ပါဘူး။ သို့သော် (၁) မလိုအပ်ဘဲနဲ့ စားသုံးရင် ဆုံးရှုံးမှုတစ်ရပ်ပါပဲ။ ဥပမာ–မြန်မာပြည်မှာရှိတဲ့ လူဦးရေ ၅၃သန်းမှာ လူတစ်သန်းဟာ နေ့စဉ် ဗီဖစ်တစ်ပြားစီ စားတယ်ဆိုကြပါစို့၊ ဗီဖစ်တစ်ပြားကို သုံးကျပ်တန်ရင် ငွေသုံးသန်း၊ အဲဒီထဲမှာ မလိုအပ်ဘဲစားတာ ဘယ်နှစ်ယောက်ပါနိုင်သလဲ။ နောက်ပြီး လူတစ်ယောက်ရဲ့ တစ်နေ့လိုအပ်ချက်က ၅၀–မီလီဂရမ်ခန့်၊ ဆေးတစ်ပြားရဲ့အလေးချိန်က ၁၀၀–မီလီဂရမ်၊ နေ့စဉ်လိုအပ်ချက်ကို ဖြည့်ဆည်းနေတယ်ဆိုရင်တောင်မှ တစ်ဝက်လောက် ပိုနေပြီလို့ ယူဆနိုင်ပါတယ်။

"(၂) မလိုအပ်ဘဲ၊ သို့မဟုတ် လိုတာထက်ပိုပြီးစားမိတယ်၊ ထိုးမိတယ် ဆိုရင် ဥပမာ– ဗီတာမင် အေဆိုပါတော့ ဆံပင်တွေကြမ်းပြီး ကျဲလာမယ်၊ မျက်ခုံးမွေးတွေ ကျွတ်လာမယ်၊ အသားအရေခြောက်ခန်းပြီး နှုတ်ခမ်းကွဲမယ်၊ ခေါင်းကိုက်မယ်၊ အဆစ်အမြစ်ကိုက်မယ်၊ အားနည်းသလို ခံစားရမယ်၊ လက်ဖဝါး ခြေဖဝါး တွေ အဝါရောင်သန်းလာမယ်၊ ဆေးဖြတ်လိုက်ရင်တော့ ဒီခံစားရမှုတွေ ပျောက်သွားမှာပါ။

"ဗီတာမင် ဒီများရင် အစာစားချင်စိတ် လျော့ပြီး ပျို့ချင်၊ အန်ချင် ဖြစ်လာတတ်ပါတယ်။ ဆီးများများရွှင်ပြီးတော့ အားနည်းနုံးခွေတတ်ပါတယ်။ တစ်ကိုယ်လုံးယားယံပြီး စိတ်ဂဏှာမငြိမ် ဖြစ်တတ်ပါတယ်။ ကျောက်ကပ်ထဲ ကျောက်တည်ပြီး ပျက်စီးတာအထိမဖြစ်သေးရင် ဆေးရပ်လိုက်တာနဲ့ ကောင်းသွားမှာပါ။ ဗီတာမင် ဘီအုပ်စုကတော့ (အေ၊ဒီ၊အီး၊ကေ အုပ်စုလို) ခန္ဓာကိုယ်ထဲ သိုလှောင်မထားတော့ ကိစ္စမရှိဘူးဆိုငြားသော်လည်း ဆေးနဲ့ မတည့်ရင် သော်လည်းကောင်း၊ (Side effect) အနေနဲ့သော်လည်းကောင်း တွေ့ရတတ်ပါတယ်။

ဥပမာ – ဘီ ၁ ရဲ့ Side effectက ခေါင်းကိုက်၊ နှလုံးတုန်၊ အိပ်မပျော်၊ စိတ်လှုပ်ရှားလွယ်တာမျိုး။
ဘီ ၂ က ဆီးဝါပြီး ကင်ဆာရောဂါအတွက် ပေးတဲ့ဆေးတွေကို နှောင့်ယှက်ပါတယ်။
ဘီ ၆ က နဗ်ကြောအဖွဲ့ကို ထိခိုက်စေပါတယ်။ တီဘီဝေဒနာရှင်ကိုပေးတဲ့ INH ဆိုတဲ့ဆေးနဲ့ အဆစ်ရောင်တဲ့အခါပေးတဲ့ Penicillamine ဆိုတဲ့ဆေးကို အာနိသင် ပြယ်စေပါတယ်။ နို့တိုက်မိခင် နို့ထွက် နည်းစေတယ်လို့ သိရပါတယ်။

- Folicacid ကတော့ အိပ်မပျော်၊ ခံတွင်းပျက်ပြီး ဝက်ရူးပြန်ရောဂါရှိတဲ့ သူကို ရောဂါတိုးစေတတ်ပါတယ်။
- Nicotinicacid ကတော့ ပျို့၊ အန်၊ဗိုက်နာ၊ ဝမ်းလျှော၊ အသားဝါ၊ ကိုယ်လက်ယားယံတဲ့အပြင် ပန်းနာရင်ကျပ်ရှိတဲ့လူကို ရောဂါထစေ တတ်ပါတယ်။
- ဗီတာမင်စီကတော့ များများစားလွန်းရင် သွားဖုံးက သွေးပြန်စိမ့်ပြန်ရော၊ သူချို့တဲ့ရင်လည်း ဒီလက္ခဏာပေါ်တာပါပဲ၊ သွေးဖြူဥရဲ့ လုပ်ငန်းရပ်ကို နှောင့်ယှက်တာတို့၊ ခန္ဓာကိုယ်မှာ ဂျီ၆ ပီဒီ ချို့တဲ့သူဆိုရင် သွေးနီဥသက်တမ်း တို/ပျက်စေတာတို့၊ သွေးကျဲဆေး ပေးထားတဲ့ လူနာကို သွေးပိုကျဲစေတာတို့ စာထဲမှာပါတော့ ဆရာဝန်တွေ ဘက်က သိထားရင် ကောင်းပါတယ်။ ဦးလေးတို့ကတော့ **တန်ဆေး၊ လွန်ဘေး ဆိုတဲ့သဘောနဲ့ ဆေးဆိုသည်များကို တကယ်မလိုအပ်ဘဲ မိမိသဘောနဲ့ မစားသုံးမိစေဖို့အပြင် ဗီတာမင်နဲ့ မင်နရယ် သက်စောင့်ဆေးများကို ဆေးဆိုင်များက ဆေးပြားများ ဝယ်စားတာထက် ဟင်းသီးဟင်းရွက်ကို သားငါးနဲ့ရောစား၊ တစ်ပိုင် တစ်နိုင် ကိုယ်တိုင်စိုက် စားကြပါ**လို့ တိုက်တွန်းချင်ပါတယ်"

"ဒီထဲမှာ ဗီတာမင်ရော၊ သတ္တုဓာတ်ရောပါတဲ့အပြင် အင်န်တီအောက်စီဒင့်ပါ ရနိုင်တာပေါ့ဆရာ"

"မှန်ပါတယ်ခင်ဗျာ၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ မျှတစေဖို့မှာ ကိုယ့်စိတ်ကို အလိုမလိုက်ဘဲ ဘယ်လိုဟာကိုရှောင်ရမယ်၊ ဘယ်လို အာဟာရက သင့်တင့်လျောက်ပတ်စွာ စားသုံးသင့်တယ်ဆိုတာ၊ တွေးချင့်လိုက်နာတာဟာ ကျန်းမာရေးနဲ့ပြည့်စုံပြီး မကုန်သင့်တာ မကုန်တာပေါ့။ ဒါဟာလဲ ဝင်ငွေတိုးခြင်း တစ်မျိုးပါပဲ"

"ကျေးဇူးတင်ပါတယ်ဆရာ၊ အခုဆိုဗီတာမင်ကို သက်စောင့်ဆေးအဖြစ် ဘယ်အချိန်အဆနဲ့ ဘယ်အချိန်အခါမျိုးမှာ စားသင့်တယ်ဆိုတာ ကျွန်တော်တို့ သိသွားကြပါပြီ"

စွမ်းအင်ဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေး အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံမြေနေရာတိုင်းထွာမှုကြည့်ရှု

ရန်ကုန် ဇန်နဝါရီ ၉

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများလိုက်ပါ၍ မှော်ဘီမြို့နယ် မြောင်းတကာဒေသ၌ တည်ဆောက်မည့် အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံစီမံကိန်းမြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

လိုက်လံစစ်ဆေး

လုပ်ငန်းခွင်ယာယီရှင်းလင်းဆောင်၌ တာဝန်ရှိသူများက စက်ရုံတည်ဆောက်မည့်မြေနေရာ၏ အကျယ်အဝန်း၊ မြစ်ရေဝင်ရောက်မှု အခြေအနေ၊ ရေကာပတ်လမ်းတည်ဆောက်မည့် အခြေအနေ၊ မြေသားပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည့်အခြေအနေ၊ မြစ်ရေတိုက်စားမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မြေသားပြုပြင်ခြင်းလုပ်ငန်းအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းပမာဏကို တိတိကျကျ တွက်ချက်ဆောင်ရွက်ကြရန်၊ နောင်အရှည်တည်တံ့စေရေးအတွက် မြစ်ရေတိုက်စားမှုအန္တရာယ်ကို ကာကွယ်ရန် သက်ဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းတာဆောင်ရွက်ရန်၊ နည်းပညာပိုင်းလိုအပ်ချက်များ ပြည့်စုံစွာစီမံဆောင်ရွက်ကြရန်မှာကြားခဲ့ပြီး မြေနေရာတိုင်းထွာနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် တိုက်ကြီးမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့သွားရောက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးနှင့် ဥတို ကြာအင်းဒေသ ပညာရေးဝန်ထမ်းများ၊ တိုက်ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အမှုဆောင်များကိုတွေ့ဆုံ၍ အသင်း၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်မှုအခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး ပညာရေးထောက်ပံ့ငွေများ ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှိုင်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ လေ့လာရေးခရီး

ရန်ကုန် ဇန်နဝါရီ ၉

လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်(မြင့်သူရ) ဦးဆောင်သောအဖွဲ့ဝင်များသည် ၂၀၀၄ခုနှစ် ဒီဇင်ဘာ၂၅ရက်မှ ၂၈ရက်အထိ ပုပ္ပား၊ ပုဂံညောင်ဦး၊ စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီတော်၊ နဂါးပွက်တောင်၊ မကွေးမြို့ မြသလွန်စေတီတော်နှင့် ပြည်ရွှေဆံတော်စေတီတော်တို့သို့ သွားရောက်လေ့လာ ဖူးမြော်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ) (က-ပ)**

ဖလားဝါးနယူးစ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၉

အယ်ဒီတာချုပ်ကိုကို (စက်မှုတက္ကသိုလ်) စီစဉ်သော ဖလားဝါး နယူးစ်သတင်းဂျာနယ် အတွဲ(၁)၊ အမှတ်(၁၁)ကို ဖြန့်ချိထားသည်။

ယခုအပတ်ထုတ်ဂျာနယ်တွင် အယ်ဒီတာ့ ဒိုင်ယာရီ၊ မြန်မာနိုင်ငံကူး လက်မှတ်များလျှောက်ပြီး တစ်ပတ်အကြာတွင် ရရှိတော့မည်၊ မြန်မာ-အိန္ဒိယ ရေကြောင်းကုန်သွယ်မှု တိုက်ရိုက်ပြုလုပ်ဖွယ်ရှိ၊ အိတ်စ်ပို့ သီးနှံများ ပြည်ပဈေးကွက်ဝင်ရေး မြန်မာ့လယ်ယာထွက်ကုန်က စစ်ဆေးကူညီပေးမည်၊ မြန်မာ့ရေချိုငါးများ ဆော်ဒီအာရေဗျ နိုင်ငံသို့တင်ပို့၊ အိတ်ချ်အိုင်ဗွီကုထုံးသစ် ဂျာမန်ပညာရှင်များတွေ့ရှိ၊ သည်တစ်ပတ် စားဖွယ်ရာ၊ သည်လိုဆို ပိုကောင်းမည်လား၊ ထူးထူးဆန်းဆန်းသတင်းများ စသည့်ပါနေကျသတင်းများ စုံစုံလင်လင်ဖော်ပြထားပြီး e-Empire Media House ဖုန်း-၇၀၃၈၁၃က တစ်ပြည်လုံးသို့ဖြန့်ချိသည်။

(က-ပ)

မြန်မာ့သမဝါယမ ရာပြည့်အထိမ်းအမှတ် ထုတ်ကုန်ပြပွဲနှင့်အရောင်းပွဲတော် တတိယနေ့ဆက်

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာ့သမဝါယမ ရာပြည့် အထိမ်းအမှတ် ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်-၂၀၀၅ ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်ထောင့်ရှိ သမဝါယမ ကူးသန်းရောင်းဝယ်ရေး ဗဟိုဌာန (ဆရာစံပလာဇာ)၌ တတိယနေ့အဖြစ် ယနေ့ဆက်လက်ကျင်းပရာ ပွဲတော်လာ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

စာချုပ်ချုပ်ဆိုနိုင်

ပွဲတော်တွင် ပြည်နယ်/တိုင်း သမဝါယမအသင်းစုချုပ် အချင်းချင်း၊ သမဝါယမ အသင်းစုချုပ်များနှင့် ပုဂ္ဂလိကကုန်သည်များ၊ သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်းနှင့် နိုင်ငံခြားသားကုန်သည်များ ကုန်ပစ္စည်းဖလှယ်ရေး၊ ရောင်းချရေး စာချုပ်များကို မြေညီထပ်ရှိ ကုန်စည်ဖလှယ်ရေးနှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆို ရောင်းချရေး ဆပ်ကော်မတီတွင် ချုပ်ဆိုကြရာ ဇန်နဝါရီ၇ ရက်နှင့် ၈ရက်၌ စာချုပ်တန်ဖိုးငွေ ကျပ် ၁၀၁၅ဒသမ၆သိန်းဖိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။

ပထမထပ် ပဲခူးတိုင်းပြခန်း၌ မဇင်းစက်မှုလက်မှု ကုန်ထုတ်သမဝါယမအသင်းမှ ထုတ်လုပ်သော သစ်သားထည်ပစ္စည်းများနှင့် ဒေသထွက်ကုန်များ၊ ဧရာဝတီတိုင်းမှ ထုတ်လုပ်သော သင်ဖျာများ၊ ဝါးထည်ပစ္စည်းများ၊ ဒေသထွက်အစားအစာများ၊ ကချင်ပြည်နယ် သမဝါယမပြခန်း၌ ကချင်ပြည်နယ်ထွက် ကျောက်စိမ်းအထည်မျိုးစုံ၊ ဒေသထွက်အစားအစာများ၊ ပျားရည်နှင့်ဆေးဝါးများကို ပြသရောင်းချလျက်ရှိသည်။

ပြသရောင်းချ

ထို့အပြင် ဝန်ကြီးဌာနအသီးသီးမှ လာရောက်ခင်းကျင်း ပြသရာတွင် ပထမထပ်၌ စက်မှု(၁)ဝန်ကြီး ဌာန၏ ဝင်းသူဇာအရောင်းဆိုင်တွင် လူသုံးကုန်၊ စားသောက်ကုန်၊ အဝတ်အထည် အမျိုးမျိုးကိုလည်းကောင်း၊ ဒုတိယထပ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လင်ဗီးဆေးတောင့်များ၊ ကော်ဖီမှုန့်၊ ဂုန်လျှော်ပစ္စည်းများ၊ သကြားနှင့် အချိုရည်မျိုးစုံ၊ ယိုမျိုးစုံ၊ ပရိဘောဂများကို ပြသရောင်းချလျက်ရှိသည်။

မြေညီထပ်တွင် ရေနံချောင်း စက်မှုဇုန်မှ ထုတ်လုပ်သော Myanmar 90-1 Star မော်တော်ဆိုင်ကယ်များကို ခင်းကျင်း ပြသထားရာ အထူးလူကြိုက်များလျက်ရှိသည်။ ပွဲတော်လာပြည်သူများ အပန်းဖြေနိုင်ရန် အဆောက်အအုံ တတိယထပ်တွင် ဖျော်ဖြေရေး အစီအစဉ်များ စီစဉ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့သမဝါယမ ရာပြည့် အထိမ်းအမှတ် ထုတ်ကုန်ပြပွဲနှင့် အရောင်း ပွဲတော် – ၂၀၀၅တွင် ကချင်ဆပ်ဖရွှန်ဆေး စိုက်ပျိုးထုတ်လုပ် ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက် ပြခန်းကို တွေ့ရစဉ်။ (က-ပ)

ပခုက္ကူဦးအုံးဖေစာကြည့်တိုက်သို့ အလှူငွေနှင့်စာအုပ်များလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၉

ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်သို့ စာရေးဆရာမိုးထက်မြင့် (မြစ်ဝကျွန်းပေါ်) မိသားစုက အလှူငွေနှင့် သုတ၊ ရသစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် လမ်းသစ်လမ်းရှိ မြင့်မိုရ်မိသားစု မင်္ဂလာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း ဗဟို အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကြီးမောင်၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဆရာကြီး ဦးသန်းဦး၊ ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးအရာရှိ ဦးမျိုးသန့် (မောင်ဆုရှင်)၊ နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း စာတည်းမှူးချုပ် ဒုတိယဗိုလ်မှူးကြီး အုန်းမောင်(ငြိမ်း) (မြင်းမူမောင်နိုင်မိုး)၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က အမှာစကားပြောကြားကြပြီး မြင့်မိုရ်မိသားစု ကိုယ်စား စာရေးဆရာမိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)က လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားကာ အလှူငွေကျပ်တစ်သိန်းနှင့် သုတ၊ ရသ စာအုပ်မျိုးစုံ၃၀၀ကို ပခုက္ကူဦးအုံးဖေထံ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ) (က-ပ)**

တိမ်ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့်ဖြစ်ထွန်းမည်။

မီးဘေးအန္တရာယ်

အစဉ်သတိပြုကာကွယ်

နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ ဘိုးသာဂေါင်၏ (၁၀၄)နှစ်ပြည့်မွေးနေ့ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် စောင့်ရှောက်ထားရှိသော ဘိုးဘွား၂၄၀အနက်မှ အသက်အကြီးဆုံးဖြစ်သော ဘိုးသာဂေါင် (ကျိုက်လတ်မြို့)၏ (၁၀၄)နှစ်ပြည့် မွေးနေ့မင်္ဂလာကို နှင်းဆီကုန်းဘိုးဘွားရိပ်သာဓမ္မာရုံခန်းမ၌ ဇန်နဝါရီ၁၁ရက် (အင်္ဂါနေ့) နံနက်၈နာရီတွင် ကျင်းပမည်ဖြစ်ရာ ဘိုးဘွားရိပ်သာအလှူရှင်များ၊ ကုသိုလ်ယူလှူဒါန်းလိုသူများ ကြွရောက်နိုင်ကြကြောင်း သိရသည်။ **(က-ပ)**

ကွယ်လွန်သူ မိဘများဖြစ်ကြသော ဦးအေး-ဒေါ်သန်းတို့အားရည်စူး၍ အမှတ် ၂၉/၃၇၄ ပိတောက်လမ်း ရွှေပြည်သာမြို့နေ ဗိုလ်မှူးကျော်ထွန်း၊ ဗိုလ်မှူးကြီးအေးဖေ၊ ဒုတိယဗိုလ်မှူးကြီးဒေါ်လီလီအေး၊ ဆရာမဒေါ်အေးအေးမြင့်၊ ဒုတိယဗိုလ်မှူးကြီးဉာဏ်ထွန်းတို့က ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ် ရေးအဖွဲ့နာယက ဦးချစ်လှိုင်က လက်ခံစဉ်။ (က-ပ)

မြောင်းမြ ကုန်းသာ-မြစိမ်းရောင် ကျေးလက်ကျောက်ချောလမ်းဖွင့် ငွေကျပ် ၂၃ သိန်းကျော် အကုန်အကျခံဆောင်ရွက်ခဲ့

မြောင်းမြ ဇန်နဝါရီ ၇

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသော ကုန်းသာ-မြစိမ်းရောင်ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၅ ရက် နံနက် ၈ နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် တာဝန်ခံအင်ဂျင်နီယာဦးမောင်မောင်သွင်က လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးလှဝေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အဆိုပါ ကျေးလက်ကျောက်ချောလမ်းသည် အရှည်ပေ ၁၅၀၀၊ အကျယ် ၁၂ ပေရှိပြီး အဖွဲ့ရန်ပုံငွေကျပ် ၂၃၃၃၀၀၀ဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အင်္ဂပူမြို့နယ်ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းဖွင့်

အင်္ဂပူ ဇန်နဝါရီ ၆

အင်္ဂပူမြို့နယ် ညောင်ပင်တဲအုပ်စု ညောင်ပင်ကြီးစုကျေးရွာတွင် ဆောက်လုပ်ပြီးစီးခဲ့သည့် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၉ရက် မွန်းလွဲ၁နာရီက အဆိုပါဆေးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင်နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးဘိုနီ၊ မြို့နယ်ဥက္ကဋ္ဌဦးသစ်လွင်၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်ဦးကျော်ဝင်းတို့က ဆေးပေးခန်းအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။**(ယာပုံ)**

ထို့နောက် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးဘိုနီ၊ မြို့နယ်ဥက္ကဋ္ဌဦးသစ်လွင်၊ ကွင်းကောက် တိုက်နယ် ဆရာဝန်ဒေါက်တာညွန့်ဝေတို့က အမှာစကား ပြောကြားကြသည်။ ဆက်လက်၍ အလှူငွေပေးအပ်ပွဲကျင်းပရာ ဆေးဝါးပစ္စည်းနှင့် ဆေးခန်းအတွက် နယ်မြေခံတပ်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လူမှုရေးအသင်းအဖွဲ့များက အလှူငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါဖွင့်လှစ်လိုက်သည့်ဆေးပေးခန်းအဆောက်အအုံကို ငွေကျပ် ၁၅ သိန်းဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(က-ပ)**

ဒီဇင်ဘာ၂၈ရက်က မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာအုပ်စု မိုးစပါးကေ ၁၀၀ စံပြကွက်ရှိ လယ်သမား ဦးခေါ်ရီမူလာ၏ ကျော်ဇေယျ အထွက်ကောင်း မျိုးစပါးစိုက်ခင်း ဝဒသမ ၂၀ကေကို စံကွက်ရိတ်သိမ်းကြစဉ်။

(ခရိုင် ပြန်/ဆက်)

ပွံ့ဖြိုးစည်ပင် ကျေးလက်တစ်ခွင်

စာကြည့်တိုက်ပညာ ဆင့်ပွားဆွေးနွေး

ကျောက်တံခါး ဇန်နဝါရီ ၃

ကျောက်တံခါးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ စာကြည့်တိုက်ပညာဆင့်ပွားဆွေးနွေးပွဲ အမှတ်စဉ်(၁/၂၀၀၄) ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၈ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးဒေါ်လှလှဦးက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပေါ်ပေါက်လာပုံနှင့်စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးကိုလည်းကောင်း၊ ခတ်ပုံကျွမ်းကျင်(၂) ဦးမောင်မောင်ဇော်က မျိုးတူစုပြုခြင်းကို လည်းကောင်း၊ စာထောက်(၃) ဒေါ်ငွေငွေနွယ်က စာအုပ်များစနစ်တကျငှားရမ်းခြင်းကို လည်းကောင်း ပို့ချဆွေးနွေးကြရာ ကျေးရွာအုပ်စု စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်လေ့လာကြသည်။**(မြို့နယ် ပြန်/ဆက်)**

နေပြည်တော် အခြေခံပညာကျောင်းများအတွက် စာရေးခုံနှင့်ထိုင်ခုံများ လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၃

နေပြည်တော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ မြို့နယ်ပညာရေးဌာန အခြေခံပညာကျောင်းများအတွက် စာရေးခုံနှင့်ထိုင်ခုံများ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ၂၁ရက် မွန်းလွဲ၁နာရီက နေပြည်တော်မြို့ အထကတေဇခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးတင့်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဦးစန်းက ကျောင်းသား ကျောင်းသူများ၏ ပညာရည်မြှင့်တင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌဦးတင့်လွင်က မြို့နယ်ပညာရေးမှူးဦးစန်းသို့ အခြေခံပညာအထက်တန်းကျောင်းများအတွက် ကျပ် ၁၁ သိန်းကျော်တန်ဖိုးရှိ စာရေးခုံ၊ ထိုင်ခုံအစုံ ၁၀၀ကို ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)** **(ဝ၈၅)**

ဒီဇင်ဘာ၁၂ရက်ကမန်စီမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမိုးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဆွေတို့ ဦးဆောင်၍ စည်ပင်ဝန်ထမ်းများ အမှတ်(၂)ပျိုးဥယျာဉ်ထူထောင်ရန် ကွင်းဆင်းတိုင်းတာမှုများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာဆေးပေးခန်းအဆောက်အအုံနှင့် တောင်သာမြို့နယ်၌ ဝင်းခြံပေးအပ်လှူဒါန်း

တောင်သာ ဇန်နဝါရီ ၁

တောင်သာမြို့နယ် ဆီမီးကန်ကျေးရွာတွင် ကျပ် ၁၂၅သိန်းတန် ကျန်းမာရေးဆေးပေးခန်း အဆောက်အအုံနှင့် ဝင်းခြံပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၉နာရီက ကျေးရွာကျန်းမာရေးဆေးပေးခန်း၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစောသန်းဆွေနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးဦးမြင့်ကြည်တို့က အမှာစကားပြောကြားကြပြီး ကျေးရွာကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စန်းက ဆေးပေးခန်းအဆောက်အအုံ လှူဒါန်းရခြင်းရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားပြီး ဆေးပေးခန်း အဆောက်အအုံ၊ ဝင်းခြံနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ကျန်းမာရေးဌာနသို့ လွှဲပြောင်း ပေးအပ်သည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ဖျာပုံမြို့ ပြည်သူများ သောက်သုံးရေရရှိရေး ကန်တော်ကြီးရေကန်မှ ရေပိုက်များသွယ်တန်း

ဖျာပုံ ဇန်နဝါရီ ၂

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နေပြည်သူများ သောက်သုံးရေ ရရှိရေးအတွက် ဒီဇင်ဘာ ၁၇ ရက်က ကန်တော်ကြီးရေကန်မှရေကို ခြောက်လက်မ ရေပိုက်လိုင်းများ သွယ်တန်း၍ ရေပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိကြသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်မှုကို ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်နှင့် ရေဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြရာ အင်ဂျင်နီယာဌာန (ရုံးချုပ်)အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးသက်ပိုင်၊ အင်ဂျင်နီယာမှူး ဦးဇော်ထွန်းတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။ **(၁၅၈)**

စတုတ္ထအကြိမ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ ပို့ဆောင်ရေးအမျိုးသမီးအသင်း နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲ

သတင်းဆောင်းပါး-ကိုထွေး

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး (အလွတ်တန်း)ဘောလုံးပြိုင်ပွဲကို ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၇ ရက်မှစတင်၍ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပခဲ့ရာ ဒီဇင်ဘာ ၃၁ ရက်က ပြီးဆုံးခဲ့ပြီဖြစ်သည်။ နောက်ဆုံးဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ ပို့ဆောင်ရေးအမျိုးသမီးဘောလုံးအသင်းက အား/ကာသိပ္ပံ(မန္တလေး)အမျိုးသမီးဘောလုံးအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲသွားသည်။

ဆုပေးပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်က ပထမဆုရရှိသွားသော ပို့ဆောင်ရေးအမျိုးသမီးဘောလုံးအသင်းအား တံခွန်စိုက်ဆုဖလားနှင့် ဆင့်ပွားဖလားပေးအပ်ချီးမြှင့်ခဲ့သည်။ ဆုကြေးငွေများချီးမြှင့်ခဲ့ရာ ဒုတိယဆုရရှိသော အား/ကာသိပ္ပံ(မန္တလေး)အသင်းက ငွေကျပ်နှစ်သိန်း၊ ပထမဆုရရှိသော ပို့ဆောင်ရေးအသင်းက ငွေကျပ်သုံးသိန်းရရှိသည်။

၂၀၀၄ခုနှစ် စတုတ္ထအကြိမ် ဝန်ကြီး ဌာနပေါင်းစုံအမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသွားသော ပို့ဆောင်ရေး အမျိုးသမီးဘောလုံး အသင်းအား ဆုပေးပွဲအပြီးတွင် တာဝန်ရှိသူများနှင့် အတူတွေ့ရစဉ်။ (က-ပ)

ခုနစ်သင်းပါဝင်

၂၀၀၄ခုနှစ် စတုတ္ထအကြိမ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး (အလွတ်တန်း)ဘောလုံးပြိုင်ပွဲတွင် ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ အုပ်စု(က)တွင် အား/ကာသိပ္ပံ (ရန်ကုန်)အသင်း၊ ပြည်ထဲရေး(က) အသင်း၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် စက်မှု(၁)အသင်းတို့ ပါဝင်သည်။ အုပ်စု(ခ)တွင် ပြည်ထဲရေး(ခ)အသင်း၊ ပို့ဆောင်ရေးအသင်းနှင့် အား/ကာသိပ္ပံ(မန္တလေး) အသင်းတို့ ပါဝင်ကြသည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က)မှ ပြည်ထဲရေး(က)အသင်းက သုံးပွဲနိုင်(၉)မှတ်ဖြင့် အုပ်စုပထမ၊ စက်မှု(၁)အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ (၄)မှတ်ဖြင့် အုပ်စုဒုတိယ ရရှိပြီး အကြိုဗိုလ်လုပွဲသို့တက်ရောက်ခဲ့သည်။ အုပ်စု(ခ)မှ ပို့ဆောင်ရေး အသင်းက နှစ်ပွဲနိုင် (၆)မှတ်ဖြင့် အုပ်စုပထမ၊ အား/ကာသိပ္ပံ(မန္တလေး) အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ၃ မှတ်ဖြင့် အုပ်စုဒုတိယရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

ပထမအကြိုဗိုလ်လုပွဲတွင် အား/ကာသိပ္ပံ(မန္တလေး) အသင်းက ပြည်ထဲရေး(က)အသင်းကိုတစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဒုတိယအကြိုဗိုလ်လုပွဲတွင် ပို့ဆောင်ရေးအသင်းက စက်မှု(၁) အသင်းကို ကိုးဂိုး- ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။ နောက်ဆုံးဗိုလ်လုပွဲတွင် အုပ်စု(ခ)မှ တက်လာသော ပို့ဆောင်ရေးအသင်းနှင့် အား/ကာသိပ္ပံ(မန္တလေး) တို့ ထပ်မံဆုံတွေ့ရာ ပို့ဆောင်ရေးအသင်းက အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

၃၂ဂိုးသွင်း

ပို့ဆောင်ရေးအမျိုးသမီး ဘောလုံးအသင်းသည် အုပ်စုပွဲစဉ်မှ ဗိုလ်လုပွဲအထိ လေးပွဲကစားရာတွင် စုစုပေါင်း ၃၂ ဂိုးသွင်းယူနိုင်ပြီး တစ်ဂိုးသာ အသွင်းခံခဲ့ရသည်။ အုပ်စုပွဲစဉ်၌ ပြည်ထဲရေး(ခ)အသင်းကို ရှစ်ဂိုး- ဂိုးမရှိ၊ အား/ကာသိပ္ပံ(မန္တလေး) အသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ပို့ဆောင်ရေး အမျိုးသမီး အသင်းတွင် ပထမအကြိမ်အာဆီယံ အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုဖလားရရှိခဲ့သော မြန်မာ့လက်ရွေးစင်အမျိုးသမီး ဘောလုံးအသင်းမှ အားကစားသမား ရှစ်ဦးပါဝင်ခဲ့သည်။ အဆိုပါ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအားကစားသမား ရှစ်ဦးမှာ မာလာဝင်း၊ ဇင်မာဝမ်း၊ သက်သက်ဝင်း၊ အေးနန္ဒာလှိုင်၊ သန်းသန်းထွေး၊ခင်သီတာမြင့်၊ မိုးမိုးဝါနှင့် နေဇာလင်းလင်းအောင်တို့ ဖြစ်ကြသည်။

အောင်မြင်မှု

ပို့ဆောင်ရေး အမျိုးသမီးဘောလုံး အသင်းသည် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအားကစားသမား များ အများဆုံး မွေးထုတ်ပေးလျက် ရှိသကဲ့သို့ အောင်မြင်မှုများအလီလီ ရရှိခဲ့သည်။ ၁၉၉၆ ခုနှစ် စစ်ကိုင်း တိုင်းတွင်ကျင်းပသည့် ပထမအကြိမ် ရွှေမင်းဝံဒိုင်း အမျိုးသမီး ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲတွင် တတိယဆု၊ ၁၉၉၆- ၉၇ခုနှစ် တတိယအကြိမ် အမျိုးသား အားကစားပွဲတော် အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ တတိယဆု၊ ၁၉၉၈ ခုနှစ် စစ်ကိုင်းတိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် ရွှေမင်းဝံဒိုင်း အမျိုးသမီး ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲတွင် ပထမဆု၊ ၂၀၀၀ ပြည့်နှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ပထမအကြိမ် အမျိုးသမီးအလွတ်တန်း ဘောလုံးပြိုင်ပွဲ၌ တတိယဆုနှင့် အသန့်ရှင်းဆုံးဆု၊ ၂၀၀၁ခုနှစ် ပထမအကြိမ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ၌ ပထမဆု၊ ၂၀၀၂ခုနှစ် တတိယအကြိမ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ၌ ပထမဆု ရရှိခဲ့သည်။

ပို့ဆောင်ရေး အမျိုးသမီးဘောလုံး အသင်းသည် ကျင်းပပြီးစီးခဲ့သည့် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ လေးကြိမ်တွင် သုံးကြိမ်ဗိုလ်စွဲနိုင်ခဲ့သည်။ ၂၀၀၄ခုနှစ် ရန်ကုန်တိုင်းအမျိုးသမီး အားကစားအဖွဲ့နာယကဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပို့ဆောင်ရေး အမျိုးသမီးဘောလုံးအသင်းက အား/ကာသိပ္ပံ(ရန်ကုန်)အမျိုးသမီးဘောလုံး အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင် ရရှိပြီး ဗိုလ်စွဲခဲ့ရာ တစ်နှစ်အတွင်း ချန်ပီယံဆုဖလား နှစ်ခုဆွတ်ခူးနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

ပို့ဆောင်ရေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့၏ လမ်းညွှန်မှုကိုခံယူလျက် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဌာနသည် ပို့ဆောင်ရေး ဝန်ကြီးဌာန အမျိုးသမီးဘောလုံး အသင်းကို ဒေါပုံသင်္ဘောကျင်းတွင် စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည်။ ပို့ဆောင်ရေးအမျိုးသမီးဘောလုံးအသင်း ကို နာယကအဖြစ် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က တာဝန်ယူပြီး အဖွဲ့ခေါင်းဆောင်အဖြစ် ဦးမြင့်ဆွေ(လက်ထောက်အထွေထွေ မန်နေဂျာ)၊ အုပ်ချုပ်သူအဖြစ် ဒေါ်ခင်သန်းနိုင် (ရုံးအုပ်)၊ နည်းပြများအဖြစ် ဦးဝင်းစိန်၊ ဦးညွန့်သိန်းနှင့် ဦးခင်မောင်မြင့်တို့က တာဝန်ယူဆောင်ရွက်လျက် ရှိသည်။

ပါဝင်

အားကစားသမားများအဖြစ် ဝါဝါမိုး(ဂိုး)၊ သန္တာ(ဂိုး)၊ မိုးမိုးစိန်(ဂိုး)၊ ဇင်မာဝမ်း၊ မာလာဝင်း၊ သက်သက်ဝင်း၊ အေးနန္ဒာလှိုင်၊ သန်းသန်းထွေး၊ စုငြိမ်းအေး၊ မိုးမိုးဝါ၊ နေဇာလင်းလင်းအောင်၊ ယမင်းသီတာလွင်၊ မိုးမိုးထွေး၊ ခင်သီတာမြင့်၊ မိုးသီတာ၊ နွယ်နွယ်အေး၊ အေးဟန်၊ ဆွေဆွေသူ၊ ဝင်းဝင်းမော်၊ ဝင်းဝင်းဌေး၊ ရီရီနွယ်၊ ဥမ္မာစန်း၊ သင်းသင်းအေး၊ ခင်မိုးထွေး၊ ဇင်မိုးဝင်း၊ မာဂရက်မေရီ၊ မူမူလွင်၊ ဝါဝါထွေးနှင့် စန်းစန်းမော်ဝင်းတို့ ပါဝင်ကြကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

ရန်ကုန် ဇန်နဝါရီ ၉

၂၀၀၅ခုနှစ် ဇန်နဝါရီ၉ရက် ယနေ့မြန်မာစံတော်ချိန် ၀၉နာရီ ၄၇မိနစ် ၀၆စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ တောင်ဘက် ၇၅မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ဒသမ၅အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။ (သတင်းစဉ်)

ဒီဇင်ဘာ ၃၀ရက်က လှိုင်သာယာမြို့နယ် မြို့နယ်ပညာရေးမှူး ဒိုင်း(မူလတန်းအဆင့်)ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသွားသော ပညာရေးနယ်မြေ အုပ်စု(၃)အသင်းအား မြို့နယ်ပညာရေးမှူးဦးတင်မောင်ဦးက တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်စဉ်။ (၁၈၀)

ကမ္ဘာတစ်လွှား အားကစား

အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစား

ချယ်လ်ဆီးနိုင်ပွဲရ၊ မန်ယူတို့ အိမ်ကွင်း၌ ဂိုးမရှိသရေကျ

လန်ဒန် ဇန်နဝါရီ ၉

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ၈ရက်က ပွဲပေါင်း ၂၉ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလိပ်ပရီမီးယားလိဂ်နာမည်ကြီး ထိပ်တန်းအသင်းများဖြစ်သော ချယ်လ်ဆီးနှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့ အနေဖြင့် ချယ်လ်ဆီးက စကန်းသရောပီကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင်သော်လည်း မန်ချက်စတာယူနိုက်တက်က အီဇီတာနှင့် ဂိုးမရှိသရေကျကာ မန်စီးတီးက အိုဟမ်အသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ချယ်လ်ဆီးနှင့်စကန်းသရောပီ

အင်္ဂလိပ်ပရီမီးယားလိဂ်၌ ထိပ်ဆုံးမှပြေးနေသော ချယ်လ်ဆီးအသင်းသည် အသင်းငယ်လေးစကန်းသရောပီကို အိမ်ကွင်း၌ ခြေအသာဖြင့် ကစားနိုင်သော်လည်း စကန်းသရောပီမှ တိုက်စစ်မှူးပေါလ်ဟာယက်စ်က ပွဲချိန် ၈မိနစ်တွင် ဖွင့်ဆော်ဦးဂိုးသွင်းယူခဲ့ပြီးနောက်မှ ချေပဂိုးနှင့် အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ချယ်လ်ဆီးအသင်းအတွက် ၂၆မိနစ်တွင် ကက်မင်းက တစ်ဂိုးသွင်းပြီး ၅၈မိနစ်တွင် စကန်းသရောပီမှ ကရော့ဘိုင်က ဖျက်ထုတ်ရာမှ ကိုယ့်ဂိုး ကိုယ်သွင်းမိသဖြင့် တစ်ဂိုးရရှိကာ ၈၆မိနစ်တွင် ဂတ်ဂျွန်ဆင်က တစ်ဂိုးသွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ မန်ချက်စတာယူနိုက်တက်နှင့် အီဗီတာအသင်းတို့ပွဲတွင် မန်ယူမှ ခရစ်အီးဂယ်(လယ်) **ထိုးဖောက်ကစားစဉ်။** (အင်တာနက်)

မန်ချက်စတာယူနိုက်တက်နှင့်အီဗီတာ

အက်ဖ်အေဖလား လက်ရှိချန်ပီယံမန်ယူ၏ အိုးထရက်ဖို့ဒ်ကွင်း၌ ကစားရသော်လည်း အရန်လူအများအပြားကို ထုတ်သုံးကစားခဲ့သဖြင့် မန်ယူတို့ ဂိုးမရှိ သရေပွဲဖြစ်ခဲ့ရခြင်း ဖြစ်သည်။ မန်ယူက ရှေ့တန်းတွင် ဘီလီယမ်၊ ရစ်ချတ်ဆင်နှင့် မီလာတို့ကိုထားကာ ကစားစေခဲ့ခြင်းဖြစ်သည်။ ၆၃မိနစ်တွင် မီလာအစား ပေါလ်စခိုး၊ ခရစ်အီးဂယ်အစား ရိုနယ်ဒိုနှင့် ၇၆မိနစ်တွင် ဘီလီယမ်အစား စမစ်တို့ ဝင်ရောက်ကစားခဲ့သော်လည်း ဂိုးမသွင်းနိုင်တော့ဘဲ သရေပွဲဖြစ်ခဲ့ရခြင်း ဖြစ်သည်။

အခြားပွဲ ၁၂ ပွဲ ရလဒ်များ

ရှက်ဖီးယူနိုက်တက်	၃	–	၁	အက်စတွန်ဗီလာ
ဘာမင်ဂမ်	၃	–	၀	လိဒ်စ်
ချာလ်တန်	၄	–	၁	ရော့ဒါလီ
နော့စ်ကောင်တီ	၁	–	၂	မစ်ဒယ်ဘရော့
အိုဟမ်	၁	–	၀	မန်စီးတီး
ပို့စ်မောက်	၁	–	၀	ဂယ်လင်ဟမ်
ပရက်တွန်	၀	–	၂	ဝက်ဘရွန်း
ဆန်းဒါးလန်း	၂	–	၁	ခရစ္စတယ်ပဲလေ့စ်
တော့တင်ဟမ်	၂	–	၁	ဘရိုက်တန်
ဝက်ဖို့ဒ်	၁	–	၁	ဖူဟမ်
ဝက်စ်ဟမ်း	၁	–	၀	နော့ဝှစ်
ပလိုင်းမောက်	၁	–	၃	အယ်ဗာတန်

(အင်တာနက်)

ဆားလင်းကြီးမြို့နယ် ကျေးရွာစက်ရေတွင်းဖွင့်

ဆားလင်းကြီး ဒီဇင်ဘာ ၃၀

ဆားလင်းကြီးမြို့နယ် ကံနီကျေးရွာတွင် စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက်က ကျင်းပသည်။

အဆိုပါ ကံနီကျေးရွာစက်ရေတွင်းမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်သည့် နှစ်လက်မစက်ရေတွင်းဖြစ်ပြီး တစ်နာရီလျှင် ရေဂါလန် ၁၂၀၀ ထွက်ရှိသည်။

တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစီအစဉ်ဖြင့် မုံရွာမြို့စက်မှုဇုန်လုပ်ငန်းရှင်မှ လှူဒါန်းငွေကျပ် ၆၁၁၃၀၀၊ ပြည်သူများက လှူဒါန်းငွေကျပ် ၃၂၄၀၀၀ နှင့် စည်ပင်သာယာရေးအဖွဲ့ကထည့်ဝင်ငွေ ကျပ် ၅၀၀၀၀ စုစုပေါင်း ကျပ် ၉၈၅၃၀၀ ကုန်ကျခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**



ဆံတော်ရှင် ကျိုက်ထီးရိုးရင်ပြင်တော် ဆီမီး ၉၀၀၀ ပူဇော်

ကျိုက်ထို ဇန်နဝါရီ ၅

ခန္တီ၊ သစ္စာ၊ သာသနာ ဆီမီး ၉၀၀၀ အဖွဲ့က နှစ်စဉ်ကျင်းပမြဲဖြစ်သော(၂၇) ကြိမ်မြောက် ဆီမီး၉၀၀၀ ထွန်းညှိပူဇော်ပွဲကို ဆံတော်ရှင် ကျိုက်ထီးရိုးရင်ပြင်တော်တွင် ဒီဇင်ဘာ ၃၁ ရက် ညနေ ၃နာရီက ကျင်းပရာ ဆံတော်ရှင် ကျိုက်ထီးရိုးဘုရားအား ကန်တော့ပွဲ၊ တရားပွဲ၊ သံဃာပွဲများ ကပ်လှူကြပြီး ဓမ္မစကြာအဖွဲ့ဝင်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

ဇန်နဝါရီ ၁ ရက် နံနက်တွင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ကြီးအား ခန္တီ၊သစ္စာ၊ သာသနာဆီမီး ၉၀၀၀ အဖွဲ့၏ နာယကဆရာတော်ရင်ပြင်တော်ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တ နန္ဒိယကြီးမှူးသည့် သံဃာတော်များက အနေကဇာတင်ခြင်း၊ စေတီတော်မြတ်ကြီးအား ဆွမ်း၊ ရေချမ်း၊ ပန်းနှင့် သစ်သီးတို့ဖြင့် ကပ်လှူပူဇော်ကြသည်။

ထို့နောက် ဂေါပကအဖွဲ့သို့ ရွှေစင်ရွှေပြား ခြောက်ကျပ်သားအတွက် ငွေကျပ် ၁၂၀၀၀၀၊ ရေသွယ်တန်းရေးအတွက် ငွေကျပ် ၃၀၀၀၀၀၊ လျှပ်စစ်မီးပူဇော်ရန်အတွက် ငွေကျပ် ၃၀၀၀၀၀ နှင့် ဆီမီး ၉၀၀၀ ဓမ္မာရုံကြီးပြုပြင်ရန်အတွက် ငွေကျပ် ၃၀၀၀၀၀၊ ရင်ပြင်တော် ပြုပြင်ရန်အတွက် ငွေကျပ်၁၅၀၀၀၀၊ ဆံတော်ရှင် ကျိုက်ထီးရိုးတောင်တော်ရှိ ဘုန်းတော်ကြီးကျောင်း ၅၆ကျောင်းအတွက် သင်္ကန်းဒွိစုံ တစ်စုံစီ၊ ဆွမ်းဆန် တစ်တင်းအိတ်တစ်အိတ်စီ၊ ဆီတစ်ပိဿာစီနှင့် ကုလားပဲ တစ်ပိဿာတို့ကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ညနေပိုင်းတွင် ဆီမီး ၉၀၀၀၊ နံ့သာတိုင် ၉၀၀၀၊ ရောင်စုံလျှပ်စစ်မီး ၉၀၀၀ တို့ကို ဆီမီး ၉၀၀၀ အဖွဲ့ဝင်များနှင့် ဘုရားဖူးပြည်သူများက တစ်ပြိုင်တည်း ထွန်းညှိပူဇော်ကြသည်။ **(ဝဲပုံ)** **(က–ပ)**

ဒီဇင်ဘာ ၁၂ ရက်က ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနှင့် အင်ဂျင်နီယာမှူးဦးအောင်မောင်းတို့ နေရာဘန်လမ်း ကတ္တရာခင်းရန်အတွက် စီစဉ်ဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

(၅၅)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၉

ပြန်ကြားရေးဝန်ကြီးဌာနသတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်မှ ဦးစိန်ဝင်း (ကက–၄)(လူမှုထူးချွန်တတိယဆင့်) **(အပေါ်ပုံ)**သည် ဇန်နဝါရီ ၅ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင်(၅၅)ကြိမ်မြောက်သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု လင်းခေးခရိုင်ဥက္ကဋ္ဌ ကြည့်ရှု

မောက်မယ် ဒီဇင်ဘာ ၁၅

လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ခရိုင်အတွင်းရှိ လင်းခေး၊ မိုးနဲ၊မောက်မယ်၊ မိုင်းပန်၊ ကျိုင်းတောင်း၊ ဟိုမိန်း မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၇ ရက် နံနက် ၉နာရီက မောက်မယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် လင်းခေးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌများက မိမိတို့မြို့နယ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ ရှေ့ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများကိုအသေးစိတ် ရှင်းလင်းတင်ပြကြရာ ခရိုင်ဥက္ကဋ္ဌက မြို့နယ်အလိုက် လျာထားချက်နှင့်အညီ ဆောင်ရွက်ရမည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ဂျီဒီပီ တိုးတက်ရေးလုပ်ငန်းများ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌက မြို့နယ်များ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

စစ်တွေခရိုင် ပြန်/ဆက် ရုံးမှ ဖွင့်လှစ်သော ကျေးရွာစာကြည့်တိုက်များ လှည့်လည်ကြည့်ရှု

ရန်ကုန် ဇန်နဝါရီ ၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြင့်ခိုင်သည် ဒီဇင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်အေးထွန်းနှင့်အတူ စစ်တွေခရိုင် ပုဏ္ဏားကျွန်း၊ ကျောက်တော်နှင့် မြောက်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်များအတွင်း ကျေးရွာအုပ်စုများ၌ ဖွင့်လှစ်ထားသော ကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို လှည့်လည်ကြည့်ရှုပြီး လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒီဇင်ဘာ ၃၀ ရက်မှ ၃၁ ရက်အထိ မောင်တောခရိုင် ဦးစီးအရာရှိ ဦးအေးကြိုင်နှင့်အတူ မောင်တောနှင့် ဘူးသီးတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်များအတွင်း ကျေးရွာအုပ်စုများ၌ ဖွင့်လှစ်ထားသော ကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို လှည့်လည်ကြည့်ရှုပြီး လိုအပ်ချက်များ ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗန်းမော်မြို့နယ်၌ ကတ္တရာလမ်းသစ်ဖွင့်

ဗန်းမော် ဇန်နဝါရီ ၃

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် မြို့တွင်းလမ်းဖြစ်သော ရိုးကြီးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းမှာ အရှည်ပေ ၃၆၀၀၊ အကျယ် ၁၂ပေရှိပြီး မူလကျောက်လမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

လိုင်စင်များ လေလံတင်ပွဲ ရေဦးမြို့၌ ကျင်းပ

ရေဦး ဇန်နဝါရီ ၁

ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေးနှစ် အရပ်ရပ်အခွင့်အရေးလိုင်စင်များ လေလံတင်ရောင်းချပွဲကို ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး ခန်းမ၌ ဒီဇင်ဘာ ၂၁ရက် မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

ရှင်းလင်းပြောကြား

ရေဦးစွာ လေလံတင်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးကိုက အရပ်ရပ်အခွင့်အရေးလိုင်စင်စည်းကမ်းရပ်များကို ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ဆက်လက်ရောင်းချမည်

ထို့နောက် အရပ်ရပ်အခွင့်အရေး လိုင်စင် ၁၉ ကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချရာ စုစုပေါင်းကျပ်ငွေ တစ်ရာ့တစ်သိန်း တစ်သောင်း ရရှိပြီး ကျန်အခွင့်အရေးလိုင်စင်များကို ဒုတိယအကြိမ် ဆက်လက် ရောင်းချမည်ဖြစ်ကြောင်းသိရသည်။ **(၃၇၈)**

ဇန်နဝါရီ ၂ ရက်က သဃ်န်းကျွန်းမြို့နယ်အလက (၂)မိဘဆရာအသင်း တတိယအကြိမ် စုံညီအစည်းအဝေးနှင့် ပညာရေးစုံညီပွဲတော် အခမ်းအနားတွင် ငါးနှစ်ဆက်တိုက် ကျောင်းတက်မှန်ဆုရ ဆရာမ ဒေါ်ဆွေဆွေဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းအေးက ဆုချီးမြှင့်စဉ်။ (က–ပ)

ဂုဏ်ပြုဆုချီးမြှင့်

သန်လျင်မြို့ မြို့ဟောင်း အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၀၄–၂၀၀၅ ခု ပညာသင်နှစ် ပထမအကြိမ် စုပေါင်း လမ်းလျှောက်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၁ ရက်က ကျင်းပရာ ဆုရသူများအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထားဝင်းက ဂုဏ်ပြုဆု ချီးမြှင့်စဉ်။

(ခရိုင် ပြန်/ဆက်)

လှိုက်လှဲစွာ ချီးမွမ်းဂုဏ်ပြုခြင်း

ရတနာမြတ်သုံးပါးနှင့် အဘိုးအဘွား၊ မိဘများ၊ ဆရာသမား ကျေးဇူးရှင်များ အားလုံးကို အထူး ကြည်ညိုလေးစား မြတ်နိုး ရှိသေတတ်ပါသော တပည့်မလေး အေးအေးချို၊ ၄-၁-၂၀၀၅ ရက်တွင် နိုင်ငံတော်မှ ချီးမြှင့်သော သီရိသုဓမ္မသင်္ဂီ ဘွဲ့တံဆိပ် ရရှိသည့်အတွက် အတိုင်းမသိ ဝမ်းမြောက်ကြပါသည်။ ဆတက် ထမ်းပိုး တိုး၍တိုး၍ စွမ်းဆောင်နိုင်ပါစေ။

ဆရာကြီး- ဦးတင်မြင့်မင်း(တိုင်းပညာဝန်၊ ငြိမ်း)
။ ဦးလှမိုး(လှမိုး၊ ပညာရေး)
။ ဦးသန်းစိန်(မြစ်ခြေ၊ ပညာအုပ်၊ ငြိမ်း)
။ ဦးမျိုးသစ်(ကျောင်းအုပ်ကြီး၊ ငြိမ်း)နှင့် ဆရာကြီးများ အားလုံး။

ဆရာမကြီး- ဒေါ်ခင်လှိုင်မြင့်(ကျောင်းအုပ်ကြီး၊ ငြိမ်း)
။ ဒေါ်မြမြ(ကျောင်းအုပ်ကြီး၊ ငြိမ်း)
။ ဒေါ်တင်တင်အုန်း၊ ဒေါ်တင်တင်ဦး
။ ဒေါ်သိန်းသိန်းနွဲ့၊ ဒေါ်တင်နွဲ့နွဲ့
။ ဒေါ်သန်းစိန်နှင့် ဆရာမကြီးများအားလုံး သာစည်မြို့။

၂၀၀၅- မြန်မာ့သမဝါယမ
ရာပြည့်အထိမ်းအမှတ်
ထုတ်ကုန်ပြပွဲကို ကြိုဆိုသောအားဖြင့်

UD Group မှ Super Mandalar Light Truck (20) စီးအား အထူးဈေးနှုန်း ငွေကျပ် ၈၅ သိန်းဖြင့် ရောင်းချပေးပါမည်။
မှတ်ချက်- ပွဲတော်ရက်အတွင်းသာ၊ ဦးရာလူစနစ်ဖြင့် ရောင်းချပေးပါမည်။
ဖုန်း- ၀၉-၈၀-၃၄၉၇၆၊ ၀၉-၆၉-၇၁၄၈၅၊ ၀၁-၇၀၆၅၇၅။

ကောင်းခြင်း ခုသည်ချိန်ခါ ဇာတ်ကား ရွှေစင်ဦးဗီဒီယိုမှ ဖြန့်ချိ ယခုအပတ် မြန်မာဗီဒီယို ၁၃ ကားဖြန့်ချိပြသ

မောင်ဆွေထွန်း

ရန်ကုန် ဇန်နဝါရီ ၉

ယခုအပတ် တနင်္လာနေ့မှစ၍ မြန်မာဗီဒီယိုဇာတ်ကား ၁၃ ကား ဖြန့်ချိ ပြသမည်ဖြစ်သည်။ ယင်းတို့အနက် ဒါရိုက်တာကုသိုလ်၏ 'ကောင်းခြင်း ခုသည်ချိန်ခါ'ဇာတ်ကားမှာ အဆင့်မြင့် ရုပ်ရှင်အဖြစ်မှ ဗီဒီယိုဇာတ်ကားအဖြစ်ကူးပြောင်း၍ ရွှေစင်ဦးဗီဒီယိုမှ ဖြန့်ချိခြင်းဖြစ်သည်။

လပ်ကီးဆဲဗင်းဗီဒီယိုမှ ဒါရိုက်တာ မောင်ပြည့်ဝရိုက်ကူး၍ ဒွေး၊ သားညီ နှင့် မြတ်ကေသီအောင်တို့ ပါဝင်သော

ဇမ္ဗူတလူ ဗီဒီယိုမှ ရိုက်ကူးသော 'ခြောက်ထောင်ပြန်ကျားကြီးမောင်' ဇာတ်ကားမှ လူမင်းနှင့် နဝရတ်တို့၏ဟန်။

အရိပ်မဲ့နွေ ဇာတ်ကား။ ရွှေစင်ဦးဗီဒီယိုမှ ဒါရိုက်တာကုသိုလ်ရိုက်ကူး၍ လွင်မိုး၊ ညွန့်ဝင်း၊ နန္ဒာလှိုင်နှင့် ချိုပြုံးတို့ပါဝင်သော **ကောင်းခြင်း ခုသည်ချိန်ခါ** ဇာတ်ကား။ ကြောင်ကမ္ဘာဗီဒီယိုမှ ဒါရိုက်တာဇမ္ဗူထွန်း သက်လွင်ရိုက်ကူး၍ နေမျိုးအောင်၊ ကျော်ဇောဟိန်း၊ မေသန်းနုနှင့် မျိုးစန္ဒီကျော်တို့ပါဝင်သော **အမိုက်မ** ဇာတ်ကား။

ဇမ္ဗူတလူဗီဒီယိုမှ ဒါရိုက်တာ ဥက္ကာဖို ရိုက်ကူး၍ လူမင်း၊ ဇင်ဝိုင်း၊ နဝရတ်နှင့် အောင်ခိုင်တို့ ပါဝင်သော **ခြောက်ထောင်ပြန်ကျားကြီးမောင်** ဇာတ်ကား။ စနိုးဝှိုက်ဗီဒီယိုမှ ဒါရိုက်တာ ကိုလွင်ရိုက်ကူး၍ နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင်နှင့် မေသန်းနုတို့ ပါဝင်သော **လွန်းတင် ကြိုး** ဇာတ်ကား။ စိန်ငွေးဗီဒီယိုမှ ဒါရိုက်တာ မဟာရိုက်ကူး၍ ခင်လှိုင်၊ ငြိမ်းချမ်း၊ ဗေလုဝနှင့် ကျော်ထူးတို့

ကြောင်ကမ္ဘာဗီဒီယိုမှ 'အမိုက်မ' ဇာတ်ကားတွင် မေသန်းနု၏ သရုပ်ဆောင်ဟန်။

ပါဝင်သော **ရွှေလင်ပန်းနဲ့ ငွေလင်ပန်း** ဇာတ်ကား။

စူပါနိုင်းဗီဒီယိုမှ ဒါရိုက်တာ ခင်မောင်ချင်းရိုက်ကူး၍ ကျော်ဇောဟိန်း၊ ဟန်နီထွန်းတို့ပါဝင်သော **ရွှေစွန်ညို ဘာကိုလိုလို့ဝဲတယ်** ဇာတ်ကား။ ပြည့်စုံအောင် ဗီဒီယိုမှ ဒါရိုက်တာ မျိုးဇော်အောင် ရိုက်ကူး၍ ကျော်ရှိန်း၊ ကျော်ဇောဟိန်းနှင့် မိုခမ်းတို့ ပါဝင်သော **တေးတစ်ပုဒ် ကျည်တစ်တောင့် အချစ်တစ်ခု** ဇာတ်ကား။ ငွေစံအိမ်

'လွန်းတင်ကြိုး'ဇာတ်ကားမှ နိုင်းနိုင်းနှင့် အိန္ဒြာကျော်ဇင်တို့၏ အမူအရာ။

ဗီဒီယိုမှ ဒါရိုက်တာ အောင်ဩဘာ ရိုက်ကူး၍ ကင်းကောင်၊ မျိုးစန္ဒီကျော် နှင့် သွင်ပပအောင်တို့ ပါဝင်သော **ဗေဒင်ချစ်သူ** ဇာတ်ကား။

မျက်ခြယ်ဗီဒီယိုမှ ဒါရိုက်တာ ဟိန်းစိုးရိုက်ကူး၍ နေထက်လင်း၊ ကြည်လဲ့လဲ့ဦးနှင့် ဇော်ဦးတို့ပါဝင်သော **တောင်ဖြိုမိုး** ဇာတ်ကား။ စိန်ပန်းမင်း ဗီဒီယိုမှ ဒါရိုက်တာဗဟိန်းသန်း ရိုက်ကူး၍ ငြိမ်းချမ်း၊ ရဲဒိုးနှင့် ဝိုင်းချစ်တို့ ပါဝင်သော **ရွှေယောက်ဖလောင်း** ဇာတ်ကား။ အောင် ဗီဒီယိုမှ ဒါရိုက်တာ ဖိုးကျော်(သန်လျင်)ရိုက်ကူး၍ အောင်ပိုင်၊ဇော်ရဲ၊ မင်းစိန်နှင့် ဆုနှင်းထက်တို့ ပါဝင်သော **နေမဝင်သောည** ဇာတ်ကား။ ကျော်ကျော်ဦး ဗီဒီယိုမှ ဒါရိုက်တာစန္ဒာအောင်သိန်း ရိုက်ကူး၍ မင်းသစ္စာ၊ သင်းသင်းယုလှိုင်တို့ ပါဝင်သော **ကိုပါလေရာ** ဇာတ်ကားတို့ ဖြန့်ချိပြသမည် ဖြစ်သည်။ ။

(မြန်မာ့အလင်း)



'ကောင်းခြင်း ခုသည်ချိန်ခါ' ဇာတ်ကားမှ လွင်မိုးနှင့် သရုပ်ဆောင်များ။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဂေါက်သီးရိုက်ဖွင့်လှစ်ပေး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂေါက်သီးရိုက်ပြိုင်ပွဲပါဝင်ကစား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ၂၀၀၄-၂၀၀၅ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲကို ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရှေ့ဖုံးမှ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်း၊ တိုင်းစစ်ဌာနချုပ် အသင်းများနှင့် အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်အသင်း အပါအဝင် ပြိုင်ပွဲဝင်အသင်း၁၅သင်းမှ ဂေါက်သီးရိုက်အားကစားသမားများ တက်ရောက်ကြသည်။

နေရာယူ

ရှေးဦးစွာ ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အားကစားသမားများသည် ၂၀၀၄-၂၀၀၅ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပမည့် သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ် ချုပ် ကြီး သိန်းစိန် ၂၀၀၄-၂၀၀၅ ခုနှစ် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက် ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် ပြိုင်ပွဲကို ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင်ဂေါက်သီးရိုက် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာ ကွယ် ရေး ဝန် ကြီး ဌာ န မှ ဗိုလ်ချုပ်ကြီး သူရ ရွှေမန်း ၂၀၀၄-၂၀၀၅ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက် ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် ပြိုင်ပွဲကို ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)



နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၄ - ၂၀၀၅ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ကစားစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး